ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး**

(၂၂)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၁ ရက်**

**( ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက် )**

**[တနင်္လာနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးရဲ့ (၂၂)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ် ဦးရေ စုစုပေါင်း (၂၂၁)ဦး ရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၉)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ရဲ့ (၉၀.၀၅)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးရဲ့ (၂၂)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက်အခြားလွှတ်တော် ကိုယ်စားလှယ် တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၅။**

**ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ ၂၉-၈-၂၀၁၆ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်

နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ကိုယ်စား စစ်ကိုင်းတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီ အဖွဲ့ဝင်ဖြစ်သူ ကျွန်တော် ဦးမောင်မောင်လတ် က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါ တယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်း မရှိသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ် များမှာ ဦးခွန်သိန်းဖေ၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ကျန်းမာရေး။ ဦးစိုင်းပန်ဖ၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ အလုပ်ရုံဆွေးနွေးပွဲတက်ရောက်ရန်။ ဒေါ်နန်းမိုးမိုးထွေး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ၎င်းအတိုင်း။ ဦးလှဆန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ၎င်းအတိုင်း။ ဦးဥက္ကာမင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ၎င်းအတိုင်း။ ဒေါက်တာ ဦးကြွယ်ကြွယ်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ ၎င်းအတိုင်း။ ဦးစိုးသီဟ(ခ) ဦးမောင်တူး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဦးကြည်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)၊ ၎င်းအတိုင်း။ ဒေါ်အိအိပြုံး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ၎င်းအတိုင်း။ ဦးဇော်မင်းလတ်(ခ)ဦးကိုလတ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ၎င်းအတိုင်း။ ဒေါ်နန်းနီနီအေး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျော်နီနိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောချစ်ဦး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်။ ဦးရဲမြင့်စိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်။ ဦးဖေချစ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ ရေဘေး ကယ်ဆယ်ရေးကိစ္စ ဆောင်ရွက်ရန်။ ဒေါ်ရှီလာနန်တောင်(ခ)အမ်နန်တောင် ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၂)၊ (၂၁)ရာစုပင်လုံညီလာခံ အကြိုညှိနှိုင်းအစည်းအဝေး တက်ရောက်ရန်။ ဦးတင်ဝေ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာခင်မကြီး၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ပြည်ပခရီးစဉ်။ ဦးမျိုးဝင်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ပြည်ပခရီးစဉ်နဲ့ ဦးမောင်မောင်ဆွေ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင် ဆောင်ရွက်ရန်တို့ ဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ (၂)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ (၂၀)ဦး ဖြစ်ပြီး စုစုပေါင်း ခွင့်ပန်ကြားသူ(၂၂)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကို လွှတ်တော်ကခွင့်အဖြစ် သတ်မှတ် ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ပန်ကြားတင်ပြအပ်ပါ တယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး (၂၂)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၁)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၀)ဦး ဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၂၂)ဦးဖြစ်ပြီး၊ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (ဂ) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင် ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းသည့် မေးခွန်းများဟာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင် အတွင်းရှိ ရေလှောင်တမံများနှင့် ရေကာတာများတွင် အရေးပေါ် ရေပိုရေလွှဲစနစ်များ ရှိ/မရှိ၊ ရှိပါက အဆင့်အလိုက် ကာကွယ် စီမံထားရှိမှု အခြေအနေ၊ တာ/တမံများ ခိုင်ခံ့မှုကို ပြည်တွင်း ပြည်ပပညာရှင်များနှင့် ပူးပေါင်းစစ်ဆေးမှု ရှိ/မရှိ၊ သဘာဝ ဘေးအန္တရာယ် ကျရောက်သော ဒေသများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ကျပ်(၂၀)ဘီလီယံ သုံးစွဲသွားမည်ဟု ကြားသိရပြီး ယင်းငွေများကို အရေးပေါ် ကြိုတင်ပြင်ဆင် စီမံဆောင်ရွက်မှု လုပ်ငန်းစဉ်များတွင် မည်သည့်အတိုင်းအတာအထိ အသုံးပြုမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမောင်မောင်အုန်း က ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်အတွင်းရှိ ရေလှောင်တမံများနှင့် ရေကာတာများတွင် အရေးပေါ် ရေပိုရေလွှဲစနစ်များ ရှိ/မရှိ၊ ရှိပါက အဆင့်အလိုက် ကာကွယ်စီမံထားရှိမှု အခြေအနေ၊ တာ/တမံများ ခိုင်ခံ့မှုကို ပြည်တွင်း ပြည်ပပညာရှင်များနှင့် ပူးပေါင်းစစ်ဆေးမှု ရှိ/မရှိ၊ သဘာဝ ဘေးအန္တရာယ် ကျရောက်သော ဒေသများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာနမှ ကျပ်(၂၀)ဘီလီယံ သုံးစွဲသွားမည်ဟု ကြားသိရပြီး ယင်းငွေများကို အရေးပေါ် ကြိုတင်ပြင်ဆင် စီမံဆောင်ရွက်မှု လုပ်ငန်းစဉ်များတွင် မည်သည့်အတိုင်းအတာအထိ အသုံးပြုမည်ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၁။**

**ဦးမောင်မောင်အုန်း ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)**။ ။ မင်္ဂလာရှိသော နံနက်ခင်းပါခင်ဗျား။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများနဲ့ လေ့လာသူများ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစေကြောင်း ဆုတောင်းလိုက်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး အမှတ်(၅)မဲဆန္ဒနယ်က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမောင်မောင်အုန်း ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတာက ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ရေလှောင်တမံဆည်များ၊ ဧရာဝတီမြစ်ကမ်း ကာကွယ်ရေးတာများဟာ သဘာဝလွှန်ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ပါက အမြင့်ဆုံးခံနိုင်ရည်နဲ့ အရေးပေါ်ထွက်ပေါက်များ စီမံထားမှုများ၊ သက်ရောက်ဧရိယာအတွင်း ထိခိုက်မှုနည်းအောင် စီမံထားမှုများ၊ တာတမံဆည်များ ခိုင်ခံ့မှုကို ပြည်တွင်း/ပြည်ပ စစ်ဆေးမှုများနဲ့ ကယ်ဆယ်ရေးဆိုင်ရာ၊ အစီအမံများဆိုင်ရာ မေးခွန်း ဖြစ်ပါတယ်။ အချိန်မလုံလောက်ပါက ထပ်တိုးပေးရန်နှင့် Power Point သုံးစွဲခွင့်ပြုပါရန် တောင်းခံအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ္ဘာ့ရာသီဥတု ဖောက်ပြန်မှုဖြစ်တဲ့ အယ်နီညို ရာသီဥတုကြောင့် အခါမဲ့ သည်းထန်မိုးများ ရွာသွန်းပါတယ်။ ထို့အပြင် အိန္ဒိယသမုဒ္ဒရာမှ ဆိုင်ကလုန်းမုန်တိုင်းနဲ့ တောင်တရုတ်ပင်လယ်မှ တိုင်ဖုန်းမုန်တိုင်းများကြောင့်လည်း ထူးကဲမိုးရွာသွန်းမှုတွေ တွေ့ကြုံနိုင်ပါတယ်။ ဒါကြောင့် ထူးကဲစွာရေကြီးရေလျှံ နစ်မြုပ်မှုများဟာလည်း နှစ်တိုင်းနီးပါး ဖြစ်နေပါတယ်။ အချိန်မရွေးလည်း ဖြစ်ပေါ်လာနိုင်ပါတယ်။ ဟင်္သာတခရိုင်ဟာ ဧရာဝတီတိုင်းအတွင်း တည်ရှိပြီး

ရေလှောင်တမံဆည်(၄)ခုနဲ့ (၂၀၃)မိုင် အရှည်ရှိသော ရေကာတာတမံများ ကာရံထားတဲ့ သဘာဝ ရေဘေး အမြဲတမ်း တွေ့ကြုံခံစားနေရတဲ့ ဒေသတစ်ခု ဖြစ်ပါတယ်။ နန်ကသူရေလှောင်တမံဆည်၊ ကညင် ရေလှောင်တမံဆည်၊ မမြရေလှောင်တမံဆည်နဲ့ ကွန်ချောင်းရေလှောင်တမံဆည်များဟာ လွန်ခဲ့သော (၁၀)နှစ်ကျော်ကာလက တည်ဆောက်ခဲ့ခြင်း ဖြစ်တဲ့အတွက် ပုံမှန်တွက်ချက်ထားတဲ့ ရေပိုရေလွှဲများဟာ ထူးကဲမိုးရွာသွန်းမှုနဲ့ သစ်တောများ ပြုန်းတီးခြင်းအားဖြင့် မိုးရေများ အရှိန်အဟုန်ဖြင့် စီးဆင်းမှုကြောင့် ကြံ့ခိုင်မှုစွမ်းအားကျော်ကာ ဆည်များကျိုးပေါက်မှု ဖြစ်နိုင်ခြေအတွက် ကြံခင်းမြို့နယ်၊ မြန်အောင် မြို့နယ်၊ အင်္ဂပူမြို့နယ်နဲ့ ဟင်္သာတမြို့နယ် ဒေသခံများ စိုးရိမ်သောက ဖြစ်နေပါတယ်။


ထို့အပြင် ဟင်္သာတမြို့ရဲ့ စိုးရိမ်ရေအမှတ်ဟာ (၄၄)ပေဖြစ်ပြီး ၂၀၁၅ ခုနှစ် အမြင့်ဆုံး ရေအမှတ်ဟာ (၄၈.၁)ပေဖြစ်ပါတယ်။ ယင်းအမြင့်ဆုံးရေအမှတ်ကို မူတည်၍ တာဖို့ခြင်းနဲ့ ရေစိမ့်ခြင်း များကို ဆည်မြောင်းဦးစီးဌာနက မိုးမကျမီ ဆောင်ရွက်ခဲ့ကြောင်းလည်း သိရှိခဲ့ရပါတယ်။ သို့သော်လည်း ဟင်္သာတဝန်းကျင်မှာ ပြည်သူတွေဟာ ခဲမှန်ဘူးတဲ့ စာသူငယ်ပမာ ရေဘေးဒုက္ခ ကျရောက်မှာကိုတော့ တွေးပူနေကြပါတယ်။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတာက မေးခွန်း(၁) ၎င်းရေလှောင်တမံ ဆည် များ အမြင့်ဆုံး ခံနိုင်ရည်ရှိ ရေအမှတ်ထက် ကျော်လွန်ပါက ဒေသအတွင်း ထိခိုက်ဆုံးရှုံးမှု အနည်းဆုံး ဖြစ်အောင် အရေးပေါ်ရေလွှဲစနစ်များ စီစဉ်ထားမှု ရှိ/မရှိနဲ့ ရှိပါက ထိခိုက်ပျက်စီးနိုင်တဲ့ ကျေးရွာ ဧရိယာများနဲ့ အကျယ်အဝန်းများ ကြိုတင်ခန့်မှန်းမှုများ ရှိ/မရှိ သိလိုပါတယ်။ မေးခွန်း(၂) ဧရာဝတီ မြစ်ကမ်း ကာကွယ်ရေးတာများဟာ ဟင်္သာတရေအမှတ်ရဲ့ မည်မျှအထိ ခံနိုင်ရည်ရှိရန် တည်ဆောက် ထားပါသလဲ၊ အဆိုပါ ရေအမှတ်ထက် မြင့်ခဲ့ရင် တက်ရောက်လာခဲ့ပါက အရေးကြီးဒေသတွေ ထိခိုက်မှု နည်းပါးစေရန် အရေးပေါ်ရေလွှဲရေပေါက်တွေ ရှိ/မရှိနဲ့ ထိခိုက်ပျက်စီးနိုင်မယ့် ခန့်မှန်းခြေ လူနေဧရိယာ၊ စိုက်ပျိုးဧကများနဲ့ အဆင့်အလိုက် အန္တရာယ်ကာကွယ် တားဆီးမှုများကို သိရှိလိုပါတယ်။

မေးခွန်း(၃) ရေလှောင်တမံများနဲ့ ရေကာတာများ ခိုင်ခံ့မှုကို ပြည်တွင်း၌ နှစ်စဉ် စံချိန်စံညွှန်းအတိုင်း စစ်ဆေးစမ်းသပ်မှုနဲ့ အခါအားလျော်စွာ ပြည်ပ၌လည်း အဆင့်မြင့်နည်းပညာ၊ ပစ္စည်းကိရိယာများနှင့် ပညာရှင်များနဲ့ ပူးပေါင်းပြီး စစ်ဆေးမှု ရှိ/မရှိဆိုတာကို မေးမြန်းလိုပါတယ်။ မေးခွန်း(၄) သဘာဝဘေး အန္တရာယ်ကျရောက်သော ဒေသများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ကျပ်(၂၀)ဘီလီယံ သုံးစွဲသွားမယ်လို့ ကြားသိရပါတယ်။ ယင်းငွေများကို ကြိုတင်စီမံမှုအနေနဲ့ ဇုန်အလိုက်ဖြစ်စေ၊ မြို့နယ်အလိုက်ဖြစ်စေ သတ်မှတ်ကာ အရေးပေါ်ကြိုတင်ပြင်ဆင်မှု (Emergency Preparedness)အရ အရေးပေါ်ကယ်ဆယ်ရေး ဌာနများ၌ ကယ်ဆယ်ရေး တပ်ဖွဲ့များ (Emergency Response Team)၊ ဆန်၊ အစားအသောက် အခြောက်များ၊ သောက်ရေများ၊ ဆေးဝါးများ၊ အသက်ကယ်ဝတ်စုံများ (Life Jacket)၊ အသက်ကယ် ရာဘာ အမြန်သုံးလှေများ (Inflatable Rubber Rescue Speed Boats)နဲ့ ရေကြီးရေလျှံ အရေးပေါ် ဆောင်ရွက်မှု လုပ်ငန်းစဉ်များ (Emergency Float Contingency Plan and Procedure)ကို ပြည်သူများ အရေးပေါ် သဘာဝဘေးအတွက် ပညာပေးလေ့ကျင့်မှု၌ သရုပ်ပြမှုများနဲ့ အရန်မျိုးစေ့ သိုလှောင်ထားရှိခြင်းများ ရှိ/မရှိ၊ ရှိပါကလည်း မည်မျှအတိုင်းအတာအထိ ရှိနေကြောင်း သိရှိလိုပါ သဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။ (သြဘာသံများ)

မမြဆည် ရေလှောင်တမံ၏ (၁၈-၄-၂၀၁၅)ရက်နေ့ မြင်ကွင်းပုံ (ဘ)



အမျိုးသားအဆင့် အရေးပေါ် ရေကြီးရေလျှံ ကယ်ဆယ်မှုစီမံကိန်း (နမူနာတစ်ခု)ပုံ (ဘ-၁)



National Emergency Management Agency
Ministry of National Security

NATIONAL FLOOD CONTINGENCY PLAN

March 2003

Prepared by public authorities of the National Disaster Management System

**INTRODUCTION**

The Constitutional *right of the individual to life liberty, security of person and the enjoyment of property* resound within disaster management. However it is the responsibility of the individual, as much as for the State, to be involved in disaster preparedness, mitigation, response and recovery from the hazards to which the country is exposed. Effective disaster management protects the rights of the individual and the material resources of the national community.

The *National Flood Contingency Plan* is one of the hazard-specific contingency plans of the national emergency/disaster management plan, and is to be implemented in that context.

Fig 2: Schematic of composition of the national emergency/disaster management plan

**National Disaster Management System**
**Execution-** *Disaster/Emergency Standard Operating Procedures & Contingency Plans*

Addenda – Maps, Organizational Charts, Etc

**Functional Plans** -*Disaster/Emergency Standard Operating Procedures & Contingency Plans*
DANA, EOC Operations, Shelter, Relief Management, Mass Casualty Management, SAR, Telecommunications, Public Information, etc


Addenda - Checklists, Job Aids, Resource Lists, Forms

**National Flood Contingency Plan for T&T**
The *Disaster/Emergency Standard Operating Procedures & Contingency Plans* also references specific plans e.g. AATT(aircraft), Min. of Health, Min of Agriculture Exotic Plant (and Animal) Pests and Diseases, National Oil Spill Contingency Plan

Addenda – Maps, Charts, Tables, Checklists, etc

- 4 -

အရေးပေါ်အသက်ကယ်လှေ (Emergency Rescue Inflatable rubber Boat) ပုံ (ဘ-၂)



**ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့တွင် ရေကြီးရေလျှံမှုများ နှစ်စဉ်ဖြစ်ပွားလျက်ရှိရာ မြို့နေပြည်သူလူထုအတွက် ရေကြီးနစ်မြုပ်မှု ဘေးအန္တရာယ်မှ ကင်းလွတ်စေရန် လိုအပ်ချက်များကို စနစ်တကျ လေ့လာပြီး ရေတို၊ ရေရှည်စီမံကိန်းများဖြင့် ဆောင်ရွက်ပေးသွားရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၆။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးကျော်ကျော် က ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့တွင် ရေကြီးရေလျှံမှုများ နှစ်စဉ်ဖြစ်ပွားလျက်ရှိရာ မြို့နေ ပြည်သူလူထု အတွက် ရေကြီးနစ်မြုပ်မှု ဘေးအန္တရာယ်မှ ကင်းလွတ်စေရန် လိုအပ်ချက်များကို စနစ်တကျ လေ့လာပြီး ရေတို၊ ရေရှည် စီမံကိန်းများဖြင့် ဆောင်ရွက်ပေးသွားရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၆။**

**ဦးကျော်ကျော်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၄)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော် ဖြစ်ပါတယ်။ ကျွန်တော် မေးထားတဲ့ မေးခွန်းကတော့ မြောက်ဦးမြို့တွင် ရေကြီးရေလျှံမှုများ နှစ်စဉ်ဖြစ်ပွားနေခြင်းနဲ့ ပတ်သက်လို့ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြောက်ဦးမြို့ဟာ ကုန်းမြင့်ပိုင်းမြို့တစ်မြို့ ဖြစ်တဲ့အတွက် ဘယ်လိုမှ ရေကြီးရေလျှံမှု ဖြစ်စရာ အကြောင်းမရှိပါဘူး။ ရှေးယခင်ကလည်း အဲဒီလို ရေကြီးရေလျှံမှုများ မရှိခဲ့ပါဘူး။ မြောက်ဦးမြို့ဟာ ရေကြီးနစ်မြုပ်မှုများ ဖြစ်ရတဲ့ အကြောင်းအရင်းကတော့ လေးမြို့မြစ်ရေလျှံတက်ခြင်းကြောင့် ဖြစ်ပါတယ်။ လေးမြို့မြစ်နဲ့ (၄)မိုင်ခန့်ကွာဝေးပါတယ်။ လေးမြို့မြစ် ရေလျှံလာခြင်းတို့ကို ကောင်းစွာစီးဆင်းနိုင်ခဲ့တဲ့ မြို့တွင်း၊ မြို့ပြင်မှာရှိတဲ့ တိမ်ကောနေတဲ့ ချောင်းတွေဟာ တော်တော်များလာပါတယ်။ ဒါကြောင့်မြို့တွင်းမှာရှိတဲ့ ချောင်းအားလုံးကို နဂိုမူလအတိုင်း အကျယ်ရော၊ အနက်ပါ ပြန်လည်ပြီးတော့ တူးဖော်ပေးရန် လိုအပ်နေပါတယ်။ မြို့တွင်းမှာရှိတဲ့ ချောင်းများအားလုံး စီးဝင်နေတဲ့ အောင်တပ်ချောင်းဝမှာရှိတဲ့ သောင်ထွန်းနေသော ဖုတ်တောမော်ကိုလည်း တူးဖော်ပေးရပါမယ်။ လေးမြို့မြစ်ရဲ့ ရေထွက်ပေါက်ဖြစ်တဲ့ ပေါင်းတုတ်ချောင်းကြီးကိုလည်း သောင်ထွန်းနေတာ၊ ပိတ်ဆို့နေတာကို တူးဖော်ပေးရပါမယ်။ မြောင်းဘွေချောင်းကိုလည်း ရေထွက်ကောင်းအောင် လုပ်ပေးဖို့ လိုပါတယ်။ နောက်ပြီးတော့ မီးရထားလမ်းဟာလည်း ရေထွက်ပေါက်နဲ့ ရေသွားလမ်းများကို ပိတ်ဆို့စေတယ်လို့ လေ့လာသူများက တင်ပြကြပါတယ်။ လေးမြို့မြစ်ရေလျှံတက်မှုကို ကာဆီးထားခဲ့တဲ့ တာပေါင်များကိုလည်း နဂိုအတိုင်း ပြန်လည်ဆည်ဖို့ခြင်းတို့ လုပ်ဆောင်ပေးဖို့ လိုအပ်နေပါတယ်။ ဒါ့အပြင် မြစ်ရေလျှံလာမှုကို ရေလွှဲပေးတဲ့ ဖောက်ချောင်းတွေကိုလည်း စနစ်တကျ ပြန်လည်တူးဖော်ခြင်းတို့ ပြုလုပ်ရမှာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ မြောက်ဦးမြို့တွင် ရေကြီးရေလျှံမှုများ နှစ်စဉ်ဆက်တိုက်ဖြစ်ပွားလျက်ရှိရာ မြို့နေပြည်သူလူထုအတွက် ရေကြီးနစ်မြုပ်မှု ဘေးအန္တရာယ်မှ လွတ်ကင်းလာစေရန်အတွက် လိုအပ်ချက်များကို စနစ်တကျလေ့လာပြီး ဒေသခံလေ့လာသူများနဲ့ ပူးပေါင်းကာ ရေတိုရေရှည်စီမံချက်များဖြင့်

ပြုလုပ်ဆောင်ရွက်ပေးသွားရန် အစီအစဉ် ရှိ/မရှိကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာနဲ့ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၁၉။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၉။**

**ဒေါက်တာဝင်းမြတ်အေး(ပြည်ထောင်စုဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဦးစွာဆုမွန်ကောင်း တောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဒေါက်တာဝင်းမြတ်အေး ဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်အုန်း နှင့် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးကျော်ကျော် တို့ရဲ့ မေးခွန်းများကို တစ်ပေါင်းတည်း ဖြေကြားမှာ ဖြစ်ပါတယ်။ မေးခွန်းများကို ဖြေကြားတဲ့နေရာမှာ ပြည့်စုံစွာ ဖြေကြားရမှာ ဖြစ်တဲ့အတွက် အချိန်ယူပြီး ဖြေကြားခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်အုန်း မေးမြန်းထားရှိတဲ့ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်အတွင်းရှိ ရေလှောင်တမံများ၊ ရေကာကွယ်ရေးတာများမှာ အမြင့်ဆုံးခံနိုင်ရည် အမှတ်ထက် ကျော်လွန်ပါက အရေးပေါ် ရေပိုရေလွှဲစနစ်များ ရှိ/မရှိနဲ့ ရှိပါက အဆင့်အလိုက်ကာကွယ်စီမံထားရှိမှုများကို သိလိုခြင်း၊ ရေလှောင်တမံများနဲ့ ရေကာတာများ ခိုင်ခံ့မှုကို ပြည်တွင်း/ပြည်ပပညာရှင်များနဲ့ ပူးပေါင်းစစ်ဆေးမှု ရှိ/မရှိနဲ့ သဘာဝဘေးကျရောက်သော ဒေသများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနဲ့ ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ကျပ်(၂၀)ဘီလီယံသုံးစွဲသွားမည်ဟု ကြားသိရတဲ့အတွက် ယင်းငွေများကို ကြိုတင်စီမံမှုအနေနဲ့ ပြင်ဆင်မှုလုပ်ငန်းစဉ်များ၊ အရေးပေါ်စီမံဆောင်ရွက်မှုများ မည်သည့်အတိုင်းအတာအထိ ရှိနေသည်ကို သိလိုခြင်းနဲ့ ပတ်သက်၍ ပထမဦးစွာ ရှင်းလင်းဖြေကြားမှာ ဖြစ်ပါတယ်။

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ ကြံခင်းမြို့နယ်၊ ကွန်ချောင်းဆည်ရဲ့ လွန်ခဲ့တဲ့ (၁၀) နှစ်အတွင်း နှစ်စဉ်ပျမ်းမျှစီးဝင်ရေဟာ (၁၇၅၀၀၀)ဧကပေဖြစ်ပြီး ဆည်ရဲ့ ကန်ရေပြည့် ရေသိုလှောင်ပမာဏဟာ (၉၈၄၀၀)ဧကပေ ဖြစ်ပါတယ်။ စီးဝင်ရေ စုစုပေါင်းမှ ပိုလျှံတဲ့ (၇၀၀၀၀)ဧကပေခန့်ကို ကွန်ချောင်းဆည် ပင်မရေပိုလွှဲနဲ့ အကူရေပိုလွှဲများမှ ထုတ်နုတ်ပါတယ်။ ကွန်ချောင်းဆည် ပင်မရေပိုလွှဲ အလျား (၁၅၀)ပေမှ ထုတ်နုတ်နိုင်သည့် အမြင့်ဆုံး ဒီဇိုင်းရေထုစီးဆင်းနှုန်းမှာ တစ်စက္ကန့်လျှင် ကုဗပေ (၂၀၀၀၀)၊ တစ်ရက်လျှင် ဧကပေ(၃၉၆၀၀)ဖြစ်ပြီး၊ အကူရေပိုလွှဲ အမှတ်(၁) အလျား(၁၅၀)ပေ၊ အကူရေပိုလွှဲ အမှတ်(၂) အလျား(၁၅၀)ပေနဲ့ အကူရေပိုလွှဲ အမှတ်(၃) အလျား(၁၀၀)ပေတို့မှ ထုတ်နုတ်

နိုင်သည့် အမြင့်ဆုံးဒီဇိုင်း ရေထုစီးနှုန်းမှာ တစ်စက္ကန့် ကုဗပေ (၁၅၁၀၀)၊ တစ်ရက်လျှင် ဧကပေ (၃၀၃၀၀) ဖြစ်ပါတယ်။

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ အင်္ဂပူမြို့နယ်၊ နန်ကသူဆည်၏ လွှန်ခဲ့သော (၁၆)နှစ်အတွင်း နှစ်စဉ်ပျမ်းမျှစီးဝင်ရေဟာ(၂၀၅၉၀၀)ဧကပေဖြစ်ပြီး ဆည်ရဲ့ကန်ရေပြည့် ရေသိုလှောင်ပမာဏဟာ(၄၀၀၀၀)ဧကပေ ဖြစ်ပါတယ်။ နန်ကသူဆည်ပင်မရေပိုလွှဲ အလျား(၁၈၀)မှ ထုတ်နုတ်နိုင်တဲ့ အမြင့်ဆုံးဒီဇိုင်း ရေထုစီးနှုန်းမှာ(၂၀၅၆၆)ကုဗပေ တစ်စက္ကန့်လျှင်ဖြစ်ပြီး တစ်ရက်မှာ (၄၇၀၉၂)ဧကပေ ဖြစ်ပါတယ်။ အကူရေပိုလွှဲ အမှတ်(၁) အလျား(၁၂၀)ပေ၊ အကူရေပိုလွှဲအမှတ်(၂) အလျား(၁၉၄)ပေတို့မှ ထုတ်နုတ်နိုင်တဲ့ အမြင့်ဆုံးဒီဇိုင်း ရေထုစီးဆင်းနှုန်းမှာ တစ်စက္ကန့်လျှင် (၁၈၅၄၆)ကုဗပေဖြစ်ပြီး တစ်ရက်လျှင်ဧကပေ(၃၆၇၈၅) ဖြစ်ပါတယ်။ ထူးကဲမိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် အမြင့်ဆုံးခံနိုင်ရည် ရေမှတ်ထက်မကျော်လွန်စေရန် ရေပိုလွှဲများကို ဒီဇိုင်းထုတ် တည်ဆောက်ထားခြင်းဖြစ်ရာ ကွန်ချောင်းဆည်နဲ့ နန်ကသူဆည်တို့၏ နှစ်စဉ်ပျမ်းမျှ ထုတ်နုတ်ရသည့် ပိုလျှံရေပမာဏကို ရေပိုလွှဲများ၏ ဒီဇိုင်းထုထည်စီးနှုန်းအရ လုံလောက်စွာ ထုတ်နုတ်နိုင်တာကို တွေ့ရှိရပါတယ်။ ကွန်ချောင်းဆည်ရေပိုလွှဲများမှ စီးထွက်ပိုလျှံရေဟာ အလုံချောင်းမှတစ်ဆင့် ကွန်ချောင်း၊ ယင်းမှတစ်ဆင့် ပရှဉ်းချောင်း (ဖားတရှဉ်းချောင်း)သို့စီးဆင်းပြီး ကြံခင်းနှင့် မြန်အောင်မြို့နယ် နယ်နိမိတ်အနီးမှာ ဧရာဝတီမြစ်အတွင်းသို့ စီးဝင်ရာ ရေစီးဆင်းရာမြစ်ကြောင်းတစ်လျှောက် ကျေးရွာနှင့် လူနေအိမ်များ ထိခိုက်ပျက်စီးမှုလည်း မရှိနိုင်ပါ။ နန်ကသူဆည်ရေပိုလွှဲမှ စီးထွက်သော ပိုလျှံရေဟာ နန်ကသူချောင်းမှ ငဝန်မြစ်အတွင်း တိုက်ရိုက်စီးဝင်ပြီး ရေစီးဆင်းရာ လမ်းကြောင်းတစ်လျှောက် ကျေးရွာနှင့် လူနေအိမ်ခြေများ ထိခိုက်ပျက်စီးမှုမရှိပါ။

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်အတွင်းမှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ တည်ဆောက်ထားပြီး ထိန်းသိမ်းထားသော ကွန်ချောင်း၊ နန်ကသူ၊ ကညင်၊ မမြရေလှောင်တမံများရှိပြီး၊ အဆိုပါ ရေလှောင် တမံများရဲ့ ရေဆင်းဧရိယာအတွင်းမှာ မိုးသည်းထန်စွာရွာသွန်း၍ စီးဝင်ရေ များပြားစွာ ဝင်ရောက်ပြီး ကန်ရေပြည့် သိုလှောင်နိုင်သော ရေမှတ်ထက် ကျော်လွန်လာပါက ရေပိုလွှဲများမှ နိုင်နင်းစွာလွှဲထုတ်နိုင်ရန် ဒီဇိုင်း ပြုလုပ်ဆောက်လုပ်ထားတဲ့အပြင် ရေလှောင်တမံတစ်ခုချင်း၏ နှစ်စဉ်ပျမ်းမျှ ရေစီးဝင်မှု အခြေအနေ အရ အရေးပေါ် အကူရေပိုလွှဲများကိုလည်းလိုအပ်သလိုထည့်သွင်းတည်ဆောက်ထားပါတယ်။

ထို့ပြင် တွေ့ကြုံခဲ့ရတဲ့ ရေကြီးရေလျှံမှု ဖြစ်စဉ်များအပေါ် အခြေခံ၍ ရေလှောင်တမံများမှာ လက်ရှိသိုလှောင်ထားသော ရေလှောင်ပမာဏနှင့် မိုးရွာသွန်းမှုများကြောင့် နေ့စဉ် စီးဝင်ရေပမာဏ၊ ကန်ရေ ပြည့်သိုလှောင်နိုင်သောပမာဏတို့အား ချိန်ဆတွက်ချက်ပြီး တမံရဲ့သိုလှောင်ရေအား ကြိုတင် လျှော့ချထားရန် လိုအပ်ပါက တမံ၏အောက်ပိုင်းမှာနေထိုင်တဲ့ ပြည်သူတွေမထိခိုက်စေဘဲ ရေကြိုတင် လျှော့ချထားနိုင်ရေးကိုလည်း စီမံဆောင်ရွက်လျက်ရှိပါတယ်။ ဟင်္သာတခရိုင်အတွင်းရှိ ရေဘေး ကာကွယ်ရေး တာများအား ဟင်္သာတမြို့ရဲ့ မြစ်ရေမှတ်(၄၇.၆၀)ပေအထိ ခံနိုင်ရည်ရှိရန် တည်ဆောက် ထားသော်လည်း ပြီးခဲ့သည့် ၂၀၁၅ ခုနှစ်မှာ ဧရာဝတီမြစ်၏ ဟင်္သာတမြို့မှာ အမြင့်ဆုံးတက်ခဲ့တဲ့ စံချိန်တင် ရေမှတ်(၄၈.၁၅)ပေအထိ ခံနိုင်ရည်ရှိစွာဖြင့် တောင့်ခံနိုင်ခဲ့ပြီးဖြစ်ပါတယ်။

သို့ရာတွင် တည်ဆောက်ခဲ့သည့်နှစ်ကာလ ကြာမြင့်ပြီဖြစ်၍ မြေသားဖြင့် တည်ဆောက်ထားခြင်းကြောင့် ဌာနအနေဖြင့် အမြဲတမ်းသတိပြု ထိန်းသိမ်းစောင့်ရှောက်လျက် ရှိပါတယ်။ အန္တရာယ်ရှိသော အခြေအနေအထိ မြစ်ရေများမြင့်တက်လာပါက သဘာဝမြေမျက်နှာပြင် နိမ့်မြင့်အနေအထားနှင့် လူမှုစီးပွားပတ်ဝန်းကျင် အရေးပါမှုအခြေအနေများပေါ်မူတည်၍ အရေးကြီးဒေသများ ထိခိုက်မှုနည်းပါးစေရန် အရေးပေါ်ရေလွှဲပေါက်များကို ယခင်ကာလများက သတ်မှတ်ခဲ့သော်လည်း သက်ဆိုင်ရာဒေသအလိုက် ရေဘေးအန္တရာယ်လုံခြုံရေး ကာကွယ်ဆောင်ရွက်လာခဲ့သည့်အတွက် အဆိုပါရေလွှဲပေါက်များ မရှိတော့ပါ။ ဧရာဝတီမြစ်နှင့် သဘာဝအရ ရေစီးရေလာ ဆက်စပ်နေသောမြစ်များ၊ ချောင်းများသည်သာ ရေလွှဲပေါက်များ ဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်အတွင်းရှိ ကွန်ချောင်း၊ နန်ကသူ၊ ကညင်၊ မမြ ရေလှောင်တမံများ တည်ဆောက်ရာမှာ ဒီဇိုင်းပုံစံ တွက်ချက်ရေးဆွဲမှု၊ တည်ဆောက်အကောင်အထည်ဖော်မှုတို့ကို ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန (ရုံးချုပ်)မှ အင်ဂျင်နီယာပညာရှင်များဖြင့်သာ တည်ဆောက်အကောင်အထည်ဖော်ခဲ့ပြီး တည်ဆောက်စဥ်ကာလတစ်လျှောက်လုံးတွင်လည်း ဒီဇိုင်းပြုလုပ်ထားသည့်အတိုင်း ဆောင်ရွက်ခြင်း ရှိ/မရှိ ကွင်းဆင်းစစ်ဆေးခြင်း၊ မြေကြီးလုပ်ငန်းနှင့် ကွန်ကရစ်လုပ်ငန်းများအတွက် တည်ဆောက်ရေးပစ္စည်းများ၏ အရည်အသွေးနှင့် တည်ဆောက်မှုအရည်အသွေးများကို အရည်အသွေးထိန်းချုပ်စစ်ဆေးရေး အဖွဲ့များဖြင့် ကြပ်မတ်စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ပါတယ်။ စီမံကိန်းတည်ဆောက်ပြီးနောက်မှာလည်း ဌာနမှ သတ်မှတ်ပြဋ္ဌာန်းထားတဲ့ လုပ်ထုံးလုပ်နည်းများအတိုင်း တမံရဲ့ ကြံ့ခိုင်မှုများအား စစ်ဆေးပြီး ပုံမှန်ထိန်းသိမ်း ဆောင်ရွက်လျက်ရှိပါတယ်။

ထို့အတူ ရေဘေးကာကွယ်ရေးတာများ၏ ကြံ့ခိုင်မှုနှင့် လုံခြုံစိတ်ချမှုအခြေအနေများကိုလည်း မိုးရာသီမရောက်မီကတည်းက ကြိုတင်စစ်ဆေးပြီး လိုအပ်သည့် ကြိုတင်ကာကွယ်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ မိုးရာသီ မြစ်ရေမြင့်တက်လာချိန်တွင်လည်း (၂၄)နာရီ ရေကင်းချ၍ စောင့်ကြည့်စီမံခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်ပပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်မှုအနေနဲ့ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီနှင့် တရုတ်နိုင်ငံ၊ ကိုရီးယားနိုင်ငံ၊ နယ်သာလန်နိုင်ငံများမှ ပညာရှင်အဖွဲ့များအား အခါအားလျော်စွာလာရောက်၍ ရှေ့ပြေးစီမံကိန်း (PILOT PROJECT)များ ပူးပေါင်းဆောင်ရွက်ခြင်း၊ နည်းပညာအကူအညီပေးခြင်း၊ သင်တန်းပို့ချခြင်းများ ဆောင်ရွက်လျက်ရှိပါတယ်။

ဒုတိယမေးခွန်းနှင့်စပ်လျဥ်းပြီးတော့ သဘာဝဘေးအန္တရာယ်ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများအတွက် သုံးစွဲခြင်းများအနေနဲ့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနဲ့ ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှ သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း သဘာဝဘေးကြိုတင်ကာကွယ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများမှာ အသုံးပြုနိုင်ရန် ကောလင်းမြို့နယ်အတွက် ဖိုင်ဘာစက်လှေ(၃)စီး ဝယ်ယူထောက်ပံ့ခဲ့ခြင်း ကုန်ကျငွေကျပ်(၅)သန်း၊ ကလေးမြို့နယ်အတွင်းရေကြီးရေလျှံမှုများ ဖြစ်ပေါ်လာပါက အရေးပေါ် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် စက်လှေ(၁၀)စီး ဝယ်ယူထောက်ပံ့ခြင်း ကုန်ကျငွေကျပ်(၁၅.၁၁)သန်း၊ ကလေးမြို့နယ်ရှိ မြစိမ်း၊ မြလင်းကျေးရွာများမှ အိမ်ထောင်စု(၆၂) စုအား အသင့်ဆောက်လုပ်ပြီးနေအိမ်အစား ပြောင်းရွှေ့တည်ဆောက်စရိတ်အဖြစ် တစ်အိမ်လျှင်ငွေ

ကျပ်(၀.၃၅)သန်းနှုန်းဖြင့် စုစုပေါင်းငွေကျပ်(၂၁.၇)သန်း၊ ရခိုင်ပြည်နယ်၊ မြေပုံမြို့နယ်၊ ဝဘော်ကြီး ကျေးရွာ၊ အလယ်ကျင်းကျေးရွာ၊ ပြင်ငမူချောင်းကျေးရွာများတွင် Cyclone Shelter (၃)လုံး၊ တောင်ကုတ်မြို့နယ်၊ ဖောင်းခါးကျေးရွာ၊ ကုလားရောင်ကျေးရွာ၊ ဂျီပြင်ကျေးရွာများတွင် Cyclone Shelter(၃)လုံး၊စုစုပေါင်း(၆)လုံးအတွက် ငွေကျပ်သန်း(၆၀၀)နှင့် ဆိုင်ကလုန်းမုန်တိုင်းရွှန်နု (ROANU) ကြောင့် တိုင်းဒေသကြီး/ပြည်နယ်တို့မှာ ဘေးအန္တရာယ်များဖြစ်ပေါ်လာပါက အချိန်နှင့်တစ်ပြေးညီ ထောက်ပံ့ ပေးနိုင်ရန် ဆန်(၁၅၀)အိတ်၊ ခေါက်ဆွဲခြောက်(၁၀၀)ဖာ ဝယ်ယူခြင်းနဲ့ ဆိုင်ကလုန်းမုန်တိုင်း ရွှန်နု (ROANU) ကြိုတင်ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ရန် ကုန်ကျငွေကျပ် (၅၃.၄၆၅)သန်း၊ သဘာဝဘေးသင့်ပြည်သူများသို့ ထောက်ပံ့ရန်အတွက် ကယ်ဆယ်ရေးပစ္စည်း(၉)မျိုးအပြင် ထပ်မံ တိုးမြှင့်ထောက်ပံ့မည့်ပစ္စည်းများဖြစ်သည့် ကျောင်းဝတ်စုံ၊ စတီးခွက်၊ ဟင်းခပ်ဇွန်း၊ သောက်ရေခွက် တို့အား အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်းမှ ဝယ်ယူခြင်းအတွက် ကုန်ကျငွေ(၄၀.၉၀၀)သန်း၊ Single Side Band (SSB) ဝယ်ယူခြင်းအတွက် ကုန်ကျငွေ(၆.၀၉၂)သန်း၊ စုစုပေါင်း(၇၄၂.၂၆၇)သန်းကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့ပေးခဲ့ ပါတယ်။

၂၀၁၆ ခုနှစ်၊ အယ်လ်နီညိုကြောင့် ရေရှားပါးမှုနှင့် ပတ်သက်၍ ၂၀၁၆ ခုနှစ်၊ ဧပြီ ၁၇ ရက်နေ့မှ မေ ၃၁ အထိ မြန်မာနိုင်ငံတစ်ဝန်း အယ်လ်နီညိုကြောင့် ရေရှားပါးသော တိုင်းဒေသကြီး / ပြည်နယ်များသို့ သောက်သုံးရေသန့်(၃၁၃၃၀)လီတာနှင့် သောက်သုံးရေ (၆၃၃၁၄၄)ဂါလန်တို့ကို ဖြန့်ဝေပေးခဲ့ပြီး ကုန်ကျငွေကျပ်(၉.၄၅၅)သန်း၊ သောက်သုံးရေများဖြန့်ဝေရာတွင် အသုံးပြုရန်အတွက် ရေပုံးဝယ်ယူခြင်း ကုန်ကျငွေကျပ်(၂.၂)သန်း၊ ရေတွင်း၊ ရေကန် တူးဖော်ခြင်းများ၊ ရေသန့်စက်များ ထောက်ပံ့ခြင်းနဲ့ ယာယီရေလှောင်ကန်ပြုလုပ်ရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်း ဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရေတွင်း(၁၆၉)တွင်း၊ ရေကန်(၄၈)ခု တို့အား တူးဖော်ခဲ့ပြီး ရေသန့်စင်စက်(၇)လုံးနှင့် မိုးကာစပေါင်း(၂၃၉)စတို့အတွက် ကုန်ကျငွေ (၂၀၆.၅၃၃)သန်း၊ ရေတွင်းများ ပြန်လည်သန့်စင်ရန်အတွက် ဆီဖိုးငွေကျပ်(၁.၆)သန်း၊ စုစုပေါင်း ငွေကျပ်(၂၁၉.၇၈၈)သန်းကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့ပေးခဲ့ပါတယ်။

ဘေးသင့်ပြည်သူများအတွက် သုံးစွဲခြင်းနှင့်ပတ်သက်ပြီး ၂၀၁၆ခုနှစ်၊ ဧပြီလမှ ဇွန်လအထိ ဖြစ်ပွားခဲ့သည့် တိုင်းဒေသကြီး/ပြည်နယ်အချို့မှာ လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာရွာခြင်း၊ မိုးသီးကြွေကျခြင်းများကြောင့် ဘေးသင့်ပြည်သူများအတွက် ဆန်၊ အိမ်ဆောက်ပစ္စည်း၊ အစားအစာ ထောက်ပံ့ခြင်း၊ ၂၀၁၆ ခုနှစ်၊ ဇွန်လမှ ဇူလိုင်လအတွင်း တိုင်းဒေသကြီး/ပြည်နယ်များမှာ ဖြစ်ပွားခဲ့သော ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ခြင်း၊ တိုက်ပွဲရှောင်ပြည်သူများ ထောက်ပံ့ခြင်း၊ ချင်းပြည်နယ်၊ တွန်းဇံမြို့နယ်၊ တီးလီချောင်းဖျားရှိ သဘာဝမြေပြိုဆည် ကြိုတင်ကာကွယ်ခြင်းလုပ်ငန်းများ အတွက် ထောက်ပံ့ခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့ရာ ကချင်ပြည်နယ်အတွက် ငွေကျပ်(၈၁.၀၈၁)သန်း၊ မန္တလေး တိုင်းဒေသကြီးအတွက် ငွေကျပ်(၃၀၄.၄၇)သန်း၊ ရှမ်းပြည်နယ်အတွက်ငွေကျပ် (၂၁၃.၈၃)သန်း၊ ဧရာဝတီတိုင်းဒေသကြီးအတွက် ငွေကျပ်(၈၀.၁၇၁)သန်း၊ ရခိုင်ပြည်နယ်အတွက် ငွေကျပ်(၄၁၂.၇၈၀)သန်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွက် ငွေကျပ်(၂၆၃.၈၇၃)သန်း၊ ပဲခူးတိုင်းဒေသကြီးအတွက် ငွေကျပ်

(၇၇.၃၆)သန်း၊ မကွေးတိုင်းဒေသကြီးအတွက် ငွေကျပ်(၂၃၁.၀၁)သန်း၊ ကယားပြည်နယ်အတွက် ငွေကျပ်(၁.၅)သန်း၊ ချင်းပြည်နယ်အတွက် ငွေကျပ်(၂၆၉.၁၁၆)သန်း၊ နေပြည်တော် တိုင်းဦးစီးမှူးရုံး အတွက် ငွေကျပ်(၃၅.၈၆၇)သန်းကို သုံးစွဲခဲ့သဖြင့် စုစုပေါင်းငွေကျပ် (၁၉၇၁.၀၅၈)သန်းကိုလည်းကောင်း၊ ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်မှုအတွက် သယ်ယူပို့ဆောင်ရေးစရိတ် ကုန်ကျငွေ၊ စက်သုံးဆီ စရိတ်များ၊ခရီးစရိတ်များ၊ Fax ငွေလွှဲခများနှင့် ကြိုတင်အသုံးစရိတ် ထောက်ပံ့ထားမှု စုစုပေါင်း ကျပ် (၅၃.၅၉၉)သန်း သုံးစွဲခဲ့သဖြင့် စုစုပေါင်းငွေကျပ်(၂၀၂၄.၆၅၇)သန်းကို အမျိုးသားသဘာဝ ဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့ပေးခဲ့ပါတယ်။

လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် သုံးစွဲခြင်းများအနေနဲ့ လူမှုစီးပွား ဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် ချင်းပြည်နယ်၊ မင်းတပ်မြို့နယ်၊ ချိုင်ကျေးရွာမှာ ပြောင်းရွှေ့ နေအိမ်(၅၄)လုံး ဆောက်လုပ်ရန်ထောက်ပံ့ခြင်းငွေကျပ်(၁၆.၂၀၀)သန်း၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ အုန်းတောကြီးမြောက် IDPs စခန်းရှိ (၈)ခန်းတွဲ တန်းလျားရှည်(၁၂)လုံး ပြုပြင်ရန်ထောက်ပံ့ငွေကျပ် (၆၀.၀၀၀)သန်း၊ တရုတ်နိုင်ငံအစိုးရမှလှူဒါန်းသည့် Assembled Board House များ ဆိပ်ကမ်းသို့ ပြန်လည်ပို့ဆောင်ခြင်းအတွက် ကုန်ကျငွေ(၃၂.၅၇၂)သန်း၊ ကချင်ပြည်နယ်အတွင်း တိုက်ပွဲရှောင် ပြည်သူများအတွက် ငွေကျပ်သန်း(၅၀)၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့ရှိ IDPs စခန်းများမှာ အိမ်ထောင်စု (၁၅၁)စုအတွက် အိမ်သာဆောက်လုပ်ရန်ထောက်ပံ့သည့် ကုန်ကျငွေကျပ် (၁၅.၁၀၀)သန်း၊ မင်းဂံ ရပ်ကွက်ရှိ အိမ်ခြေ(၁၅၁)လုံး မီတာတပ်ဆင်ရန် ငွေကျပ်(၁၅.၁၀၀)သန်း၊ စုစုပေါင်း(၂၁၆.၃၃၂)သန်းကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ သုံးစွဲခဲ့ ပါတယ်။

သို့ဖြစ်ပါ၍ ငွေကျပ်ဘီလီယံ(၂၀)ထည့်သွင်းထားသည့် အမျိုးသားသဘာဝဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ သဘာဝဘေး ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများအတွက် သုံးစွဲငွေကျပ် (၇၄၂.၂၆၇)သန်း၊ ၂၀၁၆ ခုနှစ်၊ အယ်လ်နီညိုကြောင့် ရေရှားပါးမှုနှင့်ပတ်သက်၍ ငွေကျပ်(၂၁၉.၇၈၈) သန်း၊ ဘေးသင့်ပြည်သူများအတွက် သုံးစွဲငွေကျပ်(၂၀၂၄.၆၅၇)သန်းနှင့် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအတွက် သုံးစွဲငွေကျပ်(၂၁၆.၃၃၂)သန်း၊ စုစုပေါင်းငွေကျပ်(၃၂၀၃.၀၄၄) သန်း သုံးစွဲထား ပါတယ်။

ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လဟယ်မြို့နယ်အတွင်း ကူးစက်ရောဂါများ ဖြစ်ပွားခဲ့သဖြင့် အာဟာရ အခြေအနေမြှင့်တင်ပေးရန်နဲ့ အရေးပေါ်လိုအပ်သည့် ထောက်ပံ့ရေးပစ္စည်းများဖြစ်သည့် ဆန်(၂၀၈)အိတ်၊ ဆီ(၄၀၀)ပိဿာ၊ ကုလားပဲ(၁၂၀၀)ပိဿာ၊ ငါး သေတ္တာ(၆၆၀၀)ဗူး၊ ဆား(၇၅)ပိဿာ၊ ခြင်ထောင်(၅၀၀)လုံး၊ စုစုပေါင်းတန်ချိန်(၁၄.၂၅)တန်ကို တပ်မတော်လေယာဥ် (Y-8) ဖြင့် ၁၅-၈-၂၀၁၆ ရက်နေ့နှင့် ၁၈-၈-၂၀၁၆ ရက်နေ့တို့တွင်လည်းကောင်း၊ နောက်ဆက်တွဲ ကူးစက်ရောဂါဖြစ်ပွားခဲ့သော ကျေးရွာရှိပြည်သူများအား လူမှုကာကွယ် စောင့်ရှောက်ရေး လုပ်ငန်းစဥ်များ ဆောင်ရွက်ပေးနိုင်ရန် ကျပ်သိန်း(၅၀၀)အား နာဂဒေသဦးစီးအဖွဲ့ ငွေစာရင်းအမှတ် F(80)သို့ ၁၉-၈-၂၀၁၆ ရက်စွဲဖြင့် လွှဲပြောင်းပေးခြင်းဖြင့်လည်းကောင်း၊ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့ပေးခဲ့ပါတယ်။

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့သုံးစွဲမှုများမှာ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေ ဘဏ္ဍာရေးစည်းမျဉ်း၊ အခန်း(၅)၊ အပိုဒ်(၁၆)ပါ ရန်ပုံငွေသုံးစွဲခြင်းအခွင့်အာဏာအရ အမျိုးသားကော်မတီအတွင်းရေးမှူး၊ ဒုတိယဥက္ကဋ္ဌ တို့မှတစ်ဆင့် ဥက္ကဋ္ဌထံ တင်ပြခွင့်ပြုချက်ရယူ၍ ထောက်ပံ့ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက် ရှိပါတယ်။ ငွေကြေးလွှဲပြောင်းထောက်ပံ့ခြင်းများအတွက် ပြည်သူများ၏ လက်ဝယ်သို့ ရောက်ရှိဖြန့်ခွဲမှု စာရင်းများ၊ လုပ်ငန်းဆောင်ရွက်မှုအသုံးစရိတ်ပြေစာ၊ အသုံးစရိတ်ရှင်းတမ်း၊ ဓာတ်ပုံမှတ်တမ်း အထောက်အထားများကို စာရင်းစစ်ဆေးခံနိုင်ရေးအတွက် စနစ်တကျ ပြုစုထိန်းသိမ်းထားရှိရန် ကိုလည်း သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်များသို့ ညွှန်ကြားဆောင်ရွက်လျက်ရှိပါကြောင်း ဖြေရှင်း အပ်ပါတယ်။

ရခိုင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၄) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျော်ကျော် ရဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ပတ်သက်ပြီးတော့ ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့မှာ ယခင်က (၁၀)နှစ်၊ နှစ်(၂၀) ကြာမှသာ ရေကြီးရေလျှံမှုများ ဖြစ်ပွားလေ့ရှိပေမယ့် ၂၀၁၅ ခုနှစ်၊ ဇူလိုင်လကုန်နဲ့ ဩဂုတ်လဆန်း မှာလည်းကောင်း၊ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လမှာလည်းကောင်း ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ပါတယ်။ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်တဲ့အကြောင်းအရင်းများဟာ ဒေသအတွင်းမှာရှိတဲ့ လေးမြို့မြစ်နဲ့ ကုလားတန် မြစ်များရဲ့ မြစ်ကြမ်းပြင်များ မြင့်တက်လာခြင်း၊ ဒေသအတွင်း ဖြတ်သန်းဖောက်လုပ်ခဲ့သည့် မီးရထားလမ်း တာပေါင်များမှ ရေတားတမံများသဖွယ်ဖြစ်နေခြင်း၊ ချောင်း၊ မြောင်း၏ နံဘေးမှာ နေထိုင်သော အိမ်များမှ ချောင်း၊ မြောင်းမြေများအား တိုးချဲ့၍ အဆောက်အဦ ဆောက်လုပ်ခြင်း၊ မြေဖို့ခြင်း၊ အမှိုက်များ စွန့်ပစ်ခြင်းနှင့် မြောက်ဦးမြို့တွင်း ချောင်းများတွင် တည်ဆောက်ထားသည့် တံတားများ ကျဉ်းမြောင်း၍ ရေသွားလမ်းပိတ်ဆို့ခြင်းတို့ကြောင့်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

၂၀၁၆ ခုနှစ်၊ ရေဘေးဖြစ်ပွားပြီးချိန်မှာ မြောက်ဦးမြို့ရှိ မြို့မိ၊ မြို့ဖများ၊ အရပ်ဖက်အဖွဲ့ အစည်းများမှ ရေကြီးရေလျှံမှုဖြစ်ပွားခြင်းနှင့်ပတ်သက်၍ ဌာနဆိုင်ရာများနှင့်ပေါင်းစပ်ဆောင်ရွက်နိုင်ရန် နှင့် လိုအပ်ချက်၊ အကြံပြုချက်များအား ပြည်နယ်နှင့် နိုင်ငံတော်အစိုးရထံ တင်ပြနိုင်ရန်အတွက် ရေဘေးကာကွယ်ရေးနဲ့ ပြန်လည်ပြုပြင်ထိန်းသိမ်းရေးကော်မတီအား ဖွဲ့စည်းပြီး ဒေသတွင်းအခြေ အနေများကိုလေ့လာကာ ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ဆောင်ရွက်လျက်ရှိပါတယ်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးအနေနဲ့ ရခိုင်ပြည်နယ် ဒေသတွင်း ပြန်လည်နေရာချထားရေးနဲ့ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိရာ ရခိုင်ပြည်နယ်တစ်ခုလုံး၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများအတွက် လုပ်ငန်းကော်မတီစီမံချက်ကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းရေးဆွဲ၍ အကောင်အထည်ဖော်နိုင်ရေး စီမံဆောင်ရွက် လျက်ရှိပါတယ်။

သဘာဝဘေးနဲ့ပတ်သက်၍ ရေတို၊ ရေရှည် စီမံချက်များ ချမှတ်ဆောင်ရွက်လျက်ရှိရာ လူမှု ဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဦးစီးဌာန၊ မြောက်ဦးခရိုင်ဦးစီးမှူးရုံးအသစ်ကို ကယ်ဆယ်ရေးပစ္စည်း(၉)မျိုး၊ အိမ်ထောင်စု (၁၀၀၀)စာ သိုလှောင်နိုင်တဲ့ ကယ်ဆယ်ရေးပစ္စည်းသိုလှောင်ရုံအား ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်

အတွက် ခွင့်ပြုရန်ပုံငွေ (၇၅)သန်းဖြင့် ဆောက်လုပ်ခဲ့ရာ ယခုအခါ အရာရှိ(၁)ဦး၊ အကြီးတန်းစာရေး (၂)ဦး၊ အစောင့်ဝန်ထမ်း(၁)ဦး၊ စုစုပေါင်းဝန်ထမ်း(၄)ဦးဖြင့် ၂၆-၈-၂၀၁၆ ရက်နေ့မှာ ရုံးဖွင့်လှစ်ပြီး ဖြစ်ပါတယ်။ ပြည်သူလူထုအတွင်း သဘာဝဘေးနှင့်ပတ်သက်၍ အသိပညာဖြန့်ဝေနိုင်ရန်အတွက် မီးဘေး၊ ရေဘေး၊ လေဘေး၊ ငလျင်ဘေး၊ မြေပြိုဘေး၊ ဆူနာမီဘေး၊ မိုးခေါင်ရေရှားဘေး၊ မိုးကြိုးဘေးများ ပါဝင်သော လက်ကမ်းစာစောင်နှင့် နံရံကပ်စာစောင်များကိုလည်း ဖြန့်ဝေလျက်ရှိပါတယ်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ရက်(၁၀၀)စီမံချက်ကာလအတွင်း အဆိုပါ လက်ကမ်းစာစောင်များကို ဒေသခံတိုင်းရင်းသားများ ထဲထဲဝင်ဝင် နားလည်သိရှိနိုင်ရေးအတွက် တိုင်းရင်းသားဘာသာစကားဖြင့်ပြုစု၍ ပြည်သူလူထုအတွင်း ဖြန့်ဝေပေးနိုင်ရေးကိုလည်း ဆောင်ရွက်လျက် ရှိရာ ရခိုင်ပြည်နယ်အတွက်လည်း ရခိုင်ဘာသာဖြင့်ပြန်ဆိုပြီး ထုတ်ဝေနိုင်ရေး ဆောင်ရွက်လျက် ရှိပါတယ်။

ပြည်သူများကို သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးနိုင်ရေး၊ သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများမှာ ပါဝင်ဆောင်ရွက်လျက်ရှိကြတဲ့ ဌာနဆိုင်ရာများမှ တာဝန်ရှိ ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များအား သဘာဝဘေးနဲ့ပတ်သက်တဲ့ အသိ ပညာများ တိုးပွားစေဖို့နဲ့ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများကို ထိရောက်စွာ လုပ်ဆောင်နိုင်စေရန် ရည်ရွယ်ပြီးတော့ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ စွမ်းဆောင်ရည် မြှင့်တင်ခြင်းသင်တန်း၊ သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ်နည်းပြသင်တန်း၊ သဘာဝဘေး လျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ်ဆင့်ပွားသင်တန်းနှင့်သဘာဝဘေးလျော့ပါးရေး စေတနာ့ ဝန်ထမ်းလူငယ်မွမ်းမံသင်တန်းများကို တိုင်းဒေသကြီး/ပြည်နယ်များမှာ အလှည့်ကျ ဖွင့်လှစ်ပေးနေရာ ရခိုင်ပြည်နယ်မှာလည်း ၂၀၁၆ ခုနှစ်အတွင်း သင်တန်း(၃)ကြိမ် ဖွင့်လှစ်ခဲ့ပါတယ်။

ပြည်သူများ သဘာဝဘေးအန္တရာယ်နဲ့ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့်သိရှိပြီး လိုက်နာ ဆောင်ရွက်နိုင်ဖို့အတွက် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင် သင်တန်းနဲ့ သဘာဝဘေးလျော့ပါးရေးဆိုင်ရာ စေတနာ့ဝန်ထမ်း လူငယ်နည်းပြသင်တန်းဆင်းများမှလည်း ကယ်ဆယ်ရေးနဲ့ ပြန်လည်နေရာချထားရေး ဦးစီးဌာနရဲ့ ဦးဆောင်မှုဖြင့် ဒေသတွင်းသဘာဝဘေး စီမံခန့်ခွဲမှုလုပ်ငန်းများမှာ ပါဝင်ဆောင်ရွက်နေတဲ့ အခြားဦးစီးဌာနများ၊ လူမှုရေးအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့နယ်/ရပ်ကွက်/ ကျေးရွာများအထိ အသိပညာပေးဟောပြောပွဲများကို ဆောင်ရွက်လျက်ရှိပါတယ်။ ရခိုင်ပြည်နယ်မှာ ၂၀၁၆ ခုနှစ်အတွင်း ယင်းအသိပညာပေးဟောပြောပွဲ(၅)ကြိမ် ပြုလုပ်ခဲ့ပါတယ်။

သဘာဝဘေးအား ရင်ဆိုင်တုံ့ပြန်ရာမှာ ဘေးဖြစ်ပွားချိန်၌ အဖွဲ့အစည်းအလိုက်၊ လူပုဂ္ဂိုလ် အလိုက် မည်သို့ဆောင်ရွက်ရမည်ကို ကျင့်သားရစေရန်အတွက် ဇာတ်တိုက်လေ့ကျင့်ခန်းများ ဆောင်ရွက်ခြင်းဟာ အလွန်အရေးပါလှပါတယ်။ ရခိုင်ပြည်နယ်အတွင်းမှာလည်း ဇာတ်တိုက်လေ့ကျင့်ရေး လုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ၂၀၁၆ ခုနှစ်အတွင်း (၅)ကြိမ်ပြုလုပ်ခဲ့ပါတယ်။ မြောက်ဦးမြို့နယ်၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် သီးခြားမဟုတ်သော်လည်း ရခိုင်ပြည်နယ်တစ်ခုလုံး အတွက် ခြုံငုံဆောင်ရွက်ပေးလျက်ရှိသော ဆိုင်ကလုန်းရှယ်တာ၊ School Cum Shelter နှင့် အသက်ကယ်ကုန်းများ ဆောင်ရွက်ရန်လိုအပ်မှုများအား ယခုနှစ် ဇူလိုင်လမှာ ရခိုင်ပြည်နယ်အစိုးရ

အဖွဲ့နဲ့ ပူးပေါင်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါတယ်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက မြစ်ကြောင်းပိုင်းအနေနဲ့ မြောက်ဦးမြို့ ရေကြီးရေလျှံမှုမှ လျော့ပါးရေးအတွက် သဘော်ချောင်းတစ်လျှောက် မြောက်ဦးမြို့တွင်းမှာ အလျား(၁၅၀၀၀)ပေခန့်၊ ကံလှချောင်းတစ်လျှောက် မြောက်ဦးမြို့တွင်းမှာ အလျားပေ(၃၀၀၀)ခန့်၊ ဗန္ဓုလချောင်းတစ်လျှောက် မြောက်ဦးမြို့တွင်းအလျားပေ(၃၀၀၀)ခန့်အား သောင်တူးဖော်ပေးရန် လိုအပ်မှာဖြစ်ပြီးတော့ တူးဖော်ပြီးသည့် ရေလမ်းကြောင်းများအတွင်းမှာ သဲနုန်းများ ပြန်လည်ပို့ချမှုလျော့နည်းစေရန် သင့်လျော်သည့် ရေလမ်းထိန်းအဆောက်အအုံများ ဖြည့်စွက်တည်ဆောက်ပေးသွားရန် လိုအပ်မှာ ဖြစ်ပါတယ်။ ထိုလုပ်ငန်းများ ဆောင်ရွက်ဖို့အတွက် ပို့ဆောင်ရေးနဲ့ ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နဲ့ မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းမှာ ပါဝင်ခဲ့ခြင်း မရှိသော်လည်း အဆိုပါလုပ်ငန်းများအနက် မြောက်ဦးမြို့ ရေစီးရေလာ ကောင်းမွန်ရေးအတွက် မြောက်ဦးမြို့ ကံလှချောင်း တူးဖော်ခြင်းလုပ်ငန်းပေ(၅၀၀၀)အား ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ်(၂၄၈)သန်းဖြင့် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

မြောက်ဦးမြို့နယ်အတွင်း ရေကြီးရေလျှံမှု မဖြစ်ပေါ်ရေးနဲ့ ရေစီးရေလာကောင်းမွန်ရေး အတွက် ယခင်က ဖောက်လုပ်ထားခဲ့တဲ့ ရထားလမ်းတာပေါင်မှာ ရေထွက်ပေါက်များ လိုအပ်သလို ဖောက်လုပ်ခြင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာနနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနတို့ ပူးပေါင်း၍ ကျွမ်းကျင်ပညာရှင်များပါဝင်သောအဖွဲ့များဖြင့် လေ့လာဆန်းစစ်မှုပြုလုပ်ခြင်းနဲ့ အခြားလိုအပ်သောအစီအစဉ်များကို ပြုလုပ်ဆောင်ရွက်နေပြီဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ နိုင်ငံတော်အစိုးရက တစ်နိုင်ငံလုံးအတိုင်းအတာအနေနဲ့ မြစ်ချောင်းများဖွံ့ဖြိုးမှု၊ တာတမံများနှင့် ဆည်မြောင်းများခိုင်ခံ့မှုများအတွက် စနစ်တကျစီမံကိန်းချ၍ နိုင်ငံတကာအကူညီများ ရယူကာ ဆောင်ရွက်သွားရန်၊ အမျိုးသားသဘာဝဘေး စီမံခန့်ခွဲမှုကော်မတီမှတစ်ဆင့် တင်ပြဆောင်ရွက်ထားရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား ရှင်းလင်းခြင်း**

**အချိန်၊ ၁၀း၄၂။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ပြန်လည် ဖတ်ကြား ရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၂။**

**ဒေါ်အုန်းကြည် (ခ) ဒေါ်လှဌေး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စု

ဝန်ကြီးနှင့် တက်ရောက်လာကြသော ဧည့်သည်တော်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ဂါရဝ ပြုပါတယ်။ ကျွန်မကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီ အဖွဲ့ဝင် ဒေါ်အုန်းကြည် ဖြစ်ပါတယ်ရှင်။ ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေကြမ်းအပေါ်မှာ စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြားသွားမှာ ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏

## သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာ

စာအမှတ်၊ ၁/အမ (ကော်မတီ-၁)၁/၂၀၁၆- ၂၅၇

ရက်စွဲ၊ ၂၀၁၆ခုနှစ် ၊ ဩဂုတ်လ ၂၄ ရက်

၁။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ၄-၈-၂၀၁၆ ရက်နေ့တွင် သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ တင်သွင်းခဲ့ပါသည်။ ၁၁-၈-၂၀၁၆ ရက်နေ့တွင် အဆိုပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှဦး၊ ပဲခူးတိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၃)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်ရွှေရွှေစိန်လတ်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျော်ထွေး တို့က အကြံပြုဆွေးနွေးခဲ့ပါသည်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အကြံပြုဆွေးနွေးခဲ့သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ၁၇- ၈-၂၀၁၆ ရက်နေ့တွင် ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။

### လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် သက်ကြီးရွယ်အိုများဆိုင်ရာဥပဒေကြမ်းကို လေ့လာစိစစ်ရာတွင် အောက်ပါအတိုင်း တွေ့ရှိရပါသည် -

(က) မူလဥပဒေကြမ်း အပိုဒ် ၂၊ အပိုဒ်ခွဲ (က)တွင် ဖော်ပြထားသော စကားရပ်များ အစား သက်ကြီးရွယ်အိုဆိုသည်မှာ အသက် (၆၀)နှစ်နှင့်အထက်ရှိသော နိုင်ငံသားအားလုံးကိုဆိုသည် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီ ဖွဲ့စည်းရာတွင် အဖွဲ့ဝင်များပိုမိုပြည့်စုံမှုရှိစေရန်အတွက် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်မှ ကိုယ်စားလှယ် (၁)ဦး ဆိုသည့် စကားရပ်ကို အပိုဒ် ၄၊ အပိုဒ်ခွဲ (က)၊ အပိုဒ်ခွဲငယ် (၁၂)အဖြစ် အသစ်ဖြည့်စွက်ပြီး မူလဥပဒေကြမ်း အပိုဒ် ၁၆၊ အပိုဒ်ခွဲ (ဈ)တွင် ပါရှိသော စွန့်ပစ်ခြင်းနှင့် အမြတ်ထုတ်ခြင်း ဆိုသည့် စကားရပ်ကို စွန့်ပစ်ခြင်း၊ အမြတ်ထုတ်ခြင်းနှင့် မတရားပြုကျင့်ခြင်းဆိုသည့် စကားရပ်ဖြင့် အသီးသီး အစားထိုး ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ) မူလဥပဒေကြမ်း အပိုဒ် ၂၂ ခြေဆင်းတွင် ဖော်ပြထားသော စကားရပ်များအစား အိမ်အခြေပြု၊ ရပ်ရွာအခြေပြု စောင့်ရှောက်မှု အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် စေတနာ့ဝန်ထမ်း လူမှုရေးအဖွဲ့အစည်းများသည် ရပ်ရွာအတွင်းရှိ သက်ကြီးရွယ်အိုများကို အိမ်အခြေပြု၊ ရပ်ရွာအခြေပြု စောင့်ရှောက်မှုပေးရေးအတွက် ယေဘုယျအားဖြင့် အထက်ပါ တာဝန်ဝတ္တရားများ ရှိကြသည်ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အဓိပ္ပာယ် ပိုမိုပြည့်စုံမှုရှိစေရန်အတွက် စရိတ်ထောက်ပံ့မှု လိုအပ်သော သက်ကြီးရွယ်အို ဆုံးပါးသွားသည့်အခါ၌ ၎င်း၏ရုပ်ကလာပ်အား သက်ဆိုင်ရာ ဓလေ့ထုံးတမ်းနှင့်အညီ စီစဉ်ဆောင်ရွက်ပေးရမည်ဆိုသည့် စကားရပ်ကို အပိုဒ် ၂၂၊ အပိုဒ်ခွဲ(င) အဖြစ် လည်းကောင်း၊ သက်ကြီးရွယ်အိုအား မတရားပြုခြင်းနှင့် စပ်လျဉ်း၍ မတရားပြုခံရသူ ကိုယ်တိုင်ဖြစ်စေ၊ မြင်တွေ့သူ မည်သူတစ်ဦးတစ်ယောက်ကဖြစ်စေ သက်ဆိုင်ရာရဲစခန်းသို့ နှုတ်ဖြင့်သော်လည်းကောင်း၊ စာဖြင့်သော်လည်းကောင်း၊ ဖုန်းဖြင့်သော်လည်းကောင်း၊ လူကိုယ်တိုင်သော်လည်းကောင်း အမှုဖွင့်တိုင်ကြားနိုင်သည် ဆိုသည့်စကားရပ်ကို အပိုဒ် ၆၂ အဖြစ် အသစ်ဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ ရှိရပါသည်။

(ဂ) မြန်မာစာအသုံးအနှုန်း မှန်ကန်မှုရှိစေရန်အတွက်လည်းကောင်း၊ ဥပဒေရေးထုံးမှန်ကန်မှုရှိစေရန်အတွက်လည်းကောင်း၊ ပြောင်းလဲသွားသည့် အပိုဒ်များကိုလည်း ပြန်လည်စိစစ်ထားပါကြောင်းနှင့် ပြင်ဆင်ချက်အပြည့်အစုံကို နောက်ဆက်တွဲ ကန့်လန့်ဖြတ်ဇယားဖြင့် ပူးတွဲတင်ပြအပ်ပါသည်။

**ကော်မတီ၏ သဘောထားမှတ်ချက်**

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ဤဥပဒေကြမ်းအပေါ် အကြံပြုဆွေးနွေးခဲ့ကြသည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ပြင်ဆင်ချက်များအပေါ်တွင် ညှိနှိုင်းဆွေးနွေး သဘောတူညီမှုရရှိခဲ့ပြီး ဖြစ်ပါသဖြင့် ဥပဒေကြမ်းကော်မတီမှ မူလတင်ပြထားသည့် ပြင်ဆင်ချက်များနှင့်အတူ အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် ပြန်လည်အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၄၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူးက အဆုံးအဖြတ် ရယူလိုသည့် ဥပဒေကြမ်းပါ အပိုဒ်၊ အပိုဒ်ခွဲများကို တစ်ပိုဒ်ချင်းစီအလိုက် ဖတ်ကြားတင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၉။**

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်တို့ သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေကြမ်းအပေါ်မှာ ဥပဒေကြမ်းကော်မတီနဲ့ ဆွေးနွေးခဲ့တဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ ပြင်ဆင်ချက်တွေ ရှိပါတယ်။ ဒီပြင်ဆင်ချက် အပိုဒ်၊ အပိုဒ်ခွဲများကို တူရာ တူရာများ စုစည်းပြီးတော့ အပိုဒ်၊ အပိုဒ်ခွဲ (၁၇)ခုအနေနဲ့ တင်ပြသွားမှာ ဖြစ်ပါတယ်။ ရှေးဦးစွာ တင်ပြမယ့် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကတော့ မူလဥပဒေကြမ်းရဲ့ အပိုဒ် ၂ အပိုဒ်ခွဲ(က)(ဂ)(ဃ)(ဌ)(ထ)နဲ့ (ဒ)တို့ ဖြစ်ပါတယ်။

၂။ (က) သက်ကြီးရွယ်အို ဆိုသည်မှာ အသက် ၆၀နှစ် နှင့်အထက်ရှိသော နိုင်ငံသားအားလုံးကိုဆိုသည်။

(ဂ) စရိတ်ထောက်ပံ့မှု လိုအပ်သော မိဘ ဘိုးဘွားဆိုသည်မှာ သားသမီးနှင့် မြေးများ မရှိခြင်းကြောင့်ဖြစ်စေ ၊ သားသမီးနှင့် မြေးများ ရှိသော်လည်း ၎င်းတို့က စွန့်ပစ်ထားခြင်း၊ လျစ်လျူရှုပြီး မထောက်ပံ့ခြင်း သို့မဟုတ် ထောက်ပံ့နိုင်မှု မရှိခြင်းကြောင့်ဖြစ်စေ ဆင်းရဲ ချို့တဲ့သော သို့မဟုတ် မိမိကိုယ်တိုင် ရပ်တည်နိုင်ခြင်း မရှိသော သက်ကြီးရွယ်အို မိဘဘိုးဘွားကို ဆိုသည်။ ယင်းစကားရပ်တွင် မိဘမဲ့ သို့မဟုတ် မိဘ ရှိသော်လည်း မိဘများကိုယ်စား သားသမီးများအား ကြည့်ရှုစောင့်ရှောက်ခဲ့သည့် သွေးရင်း ဦးကြီး၊ ဦးလေး၊ ဒေါ်ကြီး၊ ဒေါ်လေးတို့နှင့်သွေးသား မတော်စပ်သော်လည်း ကြည့်ရှုစောင့်ရှောက်ခဲ့သည့် ပုဂ္ဂိုလ်များလည်း ပါဝင်သည်။

(ဃ) ကျန်းမာရေးစောင့်ရှောက်မှု ဆိုသည်မှာ ရုပ်ပိုင်း၊ စိတ်ပိုင်းနှင့် လူမှုရေးပိုင်းဆိုင်ရာ ကျန်းမာမှု အဆင့်မြှင့်တင်ခြင်း၊ ရောဂါကြိုတင်ကာကွယ်ခြင်း၊ ရောဂါ ရှာဖွေစစ်ဆေးခြင်း၊ ကုသခြင်း၊ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ပေးခြင်း နှင့် ကျန်းမာရေး ဝန်ဆောင်မှုများ ထောက်ပံ့ပေးခြင်းတို့ကို ဆိုသည်။

(ဌ) ဘိုးဘွားရိပ်သာ ဆိုသည်မှာ စီးပွားရေးအလို့ငှာဖြစ်စေ၊ စေတနာ့ဝန်ထမ်း ပရဟိတဖြစ်စေ သက်ကြီးရွယ်အိုများအား နားခိုရာ ရိပ်သာ စားသောက်နေထိုင်မှု၊ လူမှုရေး

စောင့်ရှောက်မှုနှင့် ကျန်းမာရေး စောင့်ရှောက်မှုများ ထောက်ပံ့ပေးလျက်ရှိသော ရိပ်သာကို ဆိုသည်။

(ထ) မတရားပြုကျင့်ခြင်းဆိုရာတွင် သက်ကြီးရွယ်အိုအား အစားအသောက် သို့မဟုတ် ဆေးဝါးကို လုံလောက်စွာမပေးခြင်း၊ ရိုက်နှက်ခြင်း၊ နှုတ်ဖြင့်စော်ကားခြင်း၊ တောင်းရမ်းခိုင်းစေခြင်း သို့မဟုတ် ဘေးအန္တရာယ်ဖြစ်စေခြင်း အပါအဝင် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ နှိပ်စက်ညှဉ်းပန်းခြင်း သို့မဟုတ် မလျော်မကန် ပြုလုပ်ခြင်း ပါဝင်သည်။

(ဒ) လျစ်လျူရှုခြင်းဆိုသည်မှာ သက်ကြီးရွယ်အိုအား ထိုက်သင့်အားလျော်စွာ တွေ့ဆုံမှုမပြုခြင်း၊ လိုအပ်သော အစားအသောက်များ လုံလောက်စွာ ဖြည့်ဆည်းမပေးခြင်း သို့မဟုတ် တစ်သီးတစ်ခြား ခွဲထားခြင်း ဖြစ်သည်။

ဒီပြင်ဆင်ချက်များကို အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်ပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂(က)(ဂ)(ဠ)(ဌ) (ထ)(ဒ) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂ (က)(ဂ)(ဠ) (ဌ)(ထ)(ဒ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဆက်လက်ပြီးတော့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ဖြစ်တဲ့အပိုဒ် ၃ အပိုဒ်ခွဲ(က)နဲ့(ဃ) တို့ကို တင်ပြသွားမှာဖြစ်ပါတယ်။

၃။ (က) သက်ကြီးရွယ်အိုများကို ကျန်းမာရေး စောင့်ရှောက်မှု၊ လူမှုရေးစောင့်ရှောက်မှု မြှင့်တင်ရန်နှင့် လိုအပ်သည့်နည်းပညာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ အကူအညီများ ပေးရန်၊

(ဃ) စောင့်ရှောက်မည့်သူမရှိသည့် ခိုကိုးရာမဲ့ သက်ကြီးရွယ်အိုများနှင့် အိုမင်းမစွမ်းသူများအတွက် ၎င်းတို့ဆန္ဒနှင့်အညီ ဘိုးဘွားရိပ်သာများတွင် နားခိုစောင့်ရှောက်မှုပေးနိုင်ရန်။

ဒီပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြုဆောင်ရွက်ပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၃(က)(ဃ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ်၃(က)(ဃ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဥာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဆက်လက်ပြီး တင်ပြမှာကတော့ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ဖြည့်စွက်ချက်များ ဖြစ်တဲ့မူလဥပဒေကြမ်း အပိုဒ် ၄ အပိုဒ်ခွဲ (က) အပိုဒ်ခွဲငယ်(၂)ကနေ (၁၂)အထိရယ်၊ နောက်တစ်ခါ အပိုဒ် ၅ အပိုဒ်ခွဲ(င)(စ)(ဆ) တို့ဖြစ်ပါတယ်။ အပိုဒ် ၄ အပိုဒ်ခွဲ(က)အပိုဒ်ခွဲငယ်(၂)ဒုတိယဝန်ကြီး သို့မဟုတ် အမြဲတမ်းအတွင်းဝန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေး နှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဥက္ကဋ္ဌ၊ အပိုဒ်ခွဲငယ် ၃၊ ၄ ၊ ၅ ၊၆၊ ၊၇၊ ၈၊ ၉၊ ၁၀ နဲ့ ၁၁ တို့ကို တင်ပြရမယ်ဆိုရင်တော့ တင်ပြသွားမယ့် ဝန်ကြီးဌာနများက ဒုတိယဝန်ကြီး သို့မဟုတ် အမြဲတမ်းအတွင်းဝန်များဟာ အဖွဲ့ဝင်အဖြစ် ပါဝင်ဖွဲ့စည်းမှာဖြစ်ပါတယ်။ ဝန်ကြီးဌာနတွေကတော့ (၃) ပြည်ထဲရေးဝန်ကြီးဌာန၊ (၄) ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ (၅) ပညာရေးဝန်ကြီးဌာန၊ (၆) သာသနာရေးနှင့် ယဥ်ကျေးမှုဝန်ကြီးဌာန (၇)ပြန်ကြားရေးဝန်ကြီးဌာန၊ (၈)အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ (၉) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ (၁၀) ဆောက်လုပ်ရေးဝန်ကြီးဌာန၊ (၁၁) ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနတို့ ဖြစ်ပါတယ်။ အပိုဒ်ခွဲငယ် ၁၂ အနေနဲ့ကတော့ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်ရေးကော်မရှင်မှ ကိုယ်စားလှယ် တစ်ဦးက အဖွဲ့ဝင်အဖြစ် ပါဝင်ပြီးတော့ ဖွဲ့စည်းမှာ ဖြစ်ပါတယ်။

အပိုဒ် ၅ အပိုဒ်ခွဲ (င) ဖြစ်ပါတယ်။ ရိုးရာအစဉ်အလာ စံသတ်မှတ်ချက်များအပေါ် အခြေခံတည်ဆောက်ထားသော မိသားစုပုံစံကို ပိုမိုခိုင်မာစေရန် အစီအစဉ်များ ချမှတ်ဆောင်ရွက်ခြင်း (စ) နိုင်ငံတော်ကသဘောတူလက်ခံထားသော သက်ကြီးရွယ်အိုများ၏ အခွင့်အရေးဆိုင်ရာ နိုင်ငံတကာ ကြေညာစာတမ်းများ၊ သဘောတူစာချုပ်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း (ဆ) သက်ကြီးရွယ်အိုများ၏ အခွင့်အရေးများနှင့် ကောင်းကျိုးများအား ကာကွယ်ရန်၊ မြှင့်တင်ရန်နှင့် ခွဲခြားဆက်ဆံမှုများအား တားဆီးရန်အတွက် တည်ဆဲဥပဒေများကို ပြန်လည်သုံးသပ်ပြီး လိုအပ်သလို ပြင်ဆင်နိုင်ရန် စီစဥ်ဆောင်ရွက်ခြင်းတို့ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ဖြည့်စွက်ချက်များကို လွှတ်တော်က အတည်ပြုဆောင်ရွက်ပေးနိုင်ပါရန် တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၄(က)(၂)မှ (၁၂) အထိ၊ အပိုဒ် ၅(င)(စ)(ပ) ပြင်ဆင်ဖြည့်စွက်ချက်အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၄ (က) (၂)မှ(၁၂)အထိ၊ အပိုဒ် ၅(င) (စ) (ပ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဒေါက်တာမြတ်ညာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ တင်ပြမှာကတော့ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ဖြစ်တဲ့ အပိုဒ် ၁၆ အပိုဒ်ခွဲ(ခ)နဲ့ အပိုဒ်ခွဲ(ဠ)တို့ ဖြစ်ပါတယ်။

၁၆။ (ခ) ဘာသာရေးအရ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်၊

(ဠ) ခွဲခြားဆက်ဆံခြင်း၊ နှိပ်စက်ညှဉ်းပန်းခြင်း၊ လျစ်လျူရှုခြင်း၊ စွန့်ပစ်ခြင်း၊ အမြတ်ထုတ်ခြင်း နှင့် မတရားပြုကျင့်ခြင်း စသည့်အချက်များမှ အကာအကွယ်ပေးမှု ရရှိခွင့် ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကို လွှတ်တော်က အတည်ပြု ဆောင်ရွက်ပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၆(ခ)(ဠ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ်၁၆(ခ)(ဠ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

**ဒေါက်တာမြတ်ညာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဆက်လက်ပြီးတော့ လွှတ်တော်ကို တင်ပြမှာကတော့ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ဖြစ်တဲ့ အပိုဒ် ၂၁ ဖြစ်ပါတယ်။

၂၁။ မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီ သို့မဟုတ် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သက်ကြီးရွယ်အိုဆိုင်ရာ ကော်မတီတို့သည် စရိတ် ထောက်ပံ့မှု လိုအပ်သော မိဘ ဘိုးဘွားများအား သားသမီးနှင့် မြေးတို့က စရိတ် ထောက်ပံ့ရန် လုံလောက်သော ငွေကြေးနှင့်ပစ္စည်းများ မရှိသည့် သို့မဟုတ် အလုပ် လုပ်ကိုင်ပြီး ထောက်ပံ့နိုင်စွမ်း မရှိသည့် ကိစ္စတွင်လည်းကောင်း၊ စရိတ်

ထောက်ပံ့မည့် သားသမီးနှင့် မြေးများ မရှိသည့်ကိစ္စတွင်လည်းကောင်း၊ ရန်ပုံငွေမှ ထိုက်သင့်သော အထောက်အပံ့ အကူညီများပေးနိုင်ရန် လိုအပ်သော အစီအစဉ်များ ချမှတ်ဆောင်ရွက်ရမည်။

ဒီပြင်ဆင်ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂၁ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂၁ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီတစ်ခါ တင်ပြမှာကတော့ မူလဥပဒေကြမ်းရဲ့ အပိုဒ် ၂၂ ခြေဆင်း၊ အပိုဒ် ၂၂ အပိုဒ်ခွဲ(င)၊ အပိုဒ် ၂၃ အပိုဒ်ခွဲ(ဂ)(ဃ)(င) တို့ ပါဝင်တဲ့ အစုအဖွဲ့ ဖြစ်ပါတယ်။

၂၂။ အိမ်အခြေပြု၊ ရပ်ရွာအခြေပြု စောင့်ရှောက်မှု အဖွဲ့အစည်းများ၊ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် စေတနာ့ဝန်ထမ်းလုပ်ငန်း အဖွဲ့အစည်းများသည် ရပ်ရွာအတွင်းရှိ သက်ကြီးရွယ်အို များကို အိမ်အခြေပြု၊ ရပ်ရွာအခြေပြု စောင့်ရှောက်မှု ပေးရေးအတွက် ယေဘုယျအားဖြင့် အောက်ပါ တာဝန် ဝတ္တရားများ ရှိကြသည် -

(င) စရိတ်ထောက်ပံ့မှု လိုအပ်သော သက်ကြီးရွယ်အို ဆုံးပါးသွားသည့်အခါ၌ ၎င်း၏ ရုပ်အလောင်းအား သက်ဆိုင်ရာ ဓလေ့ထုံးတမ်းနှင့်အညီ စီစဉ်ဆောင်ရွက်ပေးရမည်။

၂၃။ (ဂ) သက်ကြီးရွယ်အိုများအား ထောက်ပံ့ရေးနှင့် ကြည့်ရှုစောင့်ရှောက်ရေးအတွက် လျော်ကန်သင့်မြတ်သော နှစ်စဉ် ရန်ပုံငွေ ခွဲဝေချထားပေးခြင်း၊

(ဃ) ကြည့်ရှုစောင့်ရှောက်ရန် လိုအပ်သော သက်ကြီးရွယ်အိုများနှင့် အိုမင်းမစွမ်းသူများ အား ရန်ပုံငွေမှ ထိုက်သင့်သော စရိတ် ထောက်ပံ့ခြင်းနှင့် ကြည့်ရှုစောင့်ရှောက်ခြင်း၊

(င) လူမှုအဖွဲ့အစည်းအတွင်း သက်ကြီးရွယ်အိုများ၏ ဂုဏ်သိက္ခာကို အလေးထားရေးနှင့် လုံခြုံသော ပတ်ဝန်းကျင်တွင် နေထိုင်နိုင်ရေးတို့အတွက် အခြေအနေများ ဖန်တီး ပေးခြင်းနှင့် တွန်းအားပေးခြင်းတို့ ဖြစ်ပါတယ်။

ဒီပြင်ဆင်ချက်များကို အမျိုးသားလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂၂ ခေါင်းစဉ်၊ အပိုဒ် ၂၂(င)၊ အပိုဒ် ၂၃(ဂ)(ဃ)(င) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂၂ ခေါင်းစဉ်၊ အပိုဒ် ၂၂(င)၊ အပိုဒ် ၂၃ (ဂ)(ဃ)(င) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဆက်လက်ပြီး တင်ပြသွားမှာကတော့ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်များဖြစ်တဲ့ အပိုဒ် ၂၇ ခေါင်းစဉ်၊ အပိုဒ် ၂၇(က)(ခ)၊ အပိုဒ် ၂၈ တို့ဖြစ်ပါတယ်။

၂၇။ မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီသည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အားလုံးလွှမ်းခြုံသော ကျန်းမာရေးစောင့်ရှောက်မှုကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ညှိနှိုင်းပြီး ဆောင်ရွက်ပေးရမည်။ ထိုသို့ ဆောင်ရွက်ရာတွင်-

(က) ဆေးဘက်ဆိုင်ရာဌာနများသည် အရည်အသွေးပြည့်ဝသော၊ သင့်လျော်သောဆေးဝါးကုသမှုများအား သက်ကြီးရွယ်အိုများ အလွယ်တကူ လက်လှမ်းမီနိုင်ရေးအတွက် အခမဲ့သော်လည်းကောင်း၊ သက်သာသည့် နှုန်းထားဖြင့်သော်လည်းကောင်း စီစဉ်ဆောင်ရွက်ရမည်။

(ခ) သက်ကြီးရွယ်အိုများအတွက် လိုအပ်မည့်ဆေးဝါးနဲ့ အထောက်အကူပြု ပစ္စည်းများကို အခမဲ့သော်လည်းကောင်း၊ သက်သာသည့် နှုန်းထားဖြင့်သော်လည်းကောင်း ဖြည့်ဆည်းပေးရမည်။

၂၈။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် သက်ကြီးရွယ်အိုနှင့် လူငယ်လူရွယ်များအား ကျန်းမာသန်စွမ်းသော သက်ကြီးဘဝနှင့် ပတ်သက်၍ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ပညာပေးလုပ်ငန်းများနှင့် ရောဂါကြိုတင်တားဆီးကာကွယ်ခြင်းများအား နည်းမျိုးစုံဖြင့် ဆောင်ရွက်ရမည်။

ဒီပြင်ဆင်ချက်များကို အမျိုးသားလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂၇ ခြေဆင်း၊ အပိုဒ် ၂၇(က)(ခ)၊ အပိုဒ် ၂၈ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂၇ ခြေဆင်း၊ အပိုဒ် ၂၇(က)(ခ)၊ အပိုဒ် ၂၈ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**အချိန်၊ ၁၁း၀၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ်(၃၀)ခန့် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၁း၀၅ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၄၀ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၄၀။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီအနေနဲ့ ပြန်လည်အဆိုပြုနိုင်ပါပြီ။

**အချိန်၊ ၁၁း၄၀။**

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ဥပဒေကြမ်းရဲ့ အပိုဒ် ၃၅ ပြင်ဆင်ချက်ကို တင်ပြပါမယ်။

၃၅။ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် အစိုးရမဟုတ်သော လူမှုအဖွဲ့အစည်းများသည် သက်ကြီးရွယ်အိုများ၏ အခွင့်အရေးများရရှိစေရန် ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသအစီအစဉ်များ ရေးဆွဲဆောင်ရွက်ခြင်းနှင့် ရပ်ရွာအတွင်း လူမှုရေးနှင့် ယဉ်ကျေးမှု

အခမ်းအနားများတွင် သက်ကြီးရွယ်အိုများ၏ ပါဝင်ဆောင်ရွက်မှုကို မြှင့်တင်ပေးခြင်းတို့အတွက် သက်ကြီးရွယ်အိုများ ကိုယ်တိုင်ဦးဆောင်သော အိမ်အခြေပြု၊ ရပ်ရွာအခြေပြု စောင့်ရှောက်မှု အဖွဲ့အစည်းများအား ငွေကြေးဖြင့်ဖြစ်စေ၊ အခြားပုံစံများဖြင့်ဖြစ်စေ ထောက်ပံ့မှုပြုရမည်။

ဒီပြင်ဆင်ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၃၅ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃၅ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဒေါက်တာမြတ်ဥာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ဖြစ်တဲ့ အပိုဒ် ၃၆(ခ)နဲ့ အပိုဒ် ၃၇(က)တို့ကို ဆက်လက်တင်ပြပါမယ်။

၃၆။ (ခ) ဤဥပဒေပါ သက်ကြီးရွယ်အိုများ၏ အခွင့်အရေးများကို ခံစားခွင့်ပေးနိုင်ရန်နှင့် သက်ကြီးရွယ်အိုများ၏ စာရင်းဇယားများ တိကျမှန်ကန်စေရန်အလို့ငှာ သက်ကြီးရွယ်အို သက်သေခံကတ်ပြား များထုတ်ပေးရန်၊ လူမှုဝန်ထမ်းဦးစီးဌာနက ခရိုင်သို့မဟုတ် မြို့နယ် လူမှုဝန်ထမ်းဦးစီးဌာန၊ လူမှုဝန်ထမ်း အရာရှိများကို တာဝန်ပေးရမည်။

၃၇။ (က) သက်ဆိုင်ရာ မြို့နယ်အတွင်းရှိ သက်ကြီးရွယ်အိုများ၏ စာရင်းကို ၎င်းတို့ဆန္ဒနှင့်အညီ ကောက်ယူပြီး သက်ကြီးရွယ်အို သက်သေခံကတ်ပြားများကို အခမဲ့ ထုတ်ပေးရမည်။

ဥပဒေကြမ်း ကော်မတီရဲ့ ဒီပြင်ဆင်ချက် (၂)ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၃၆(ခ)၊ အပိုဒ် ၃၇(က) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃၆(ခ)၊ အပိုဒ် ၃၇(က)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်းကော်မတီရဲ့ မူလဥပဒေကြမ်း အပိုဒ် ၄၅ အပေါ် ပြင်ဆင်ချက်ကို ဆက်လက်တင်ပြမှာ ဖြစ်ပါတယ်။

၄၅။ သက်ကြီးရွယ်အိုများအား ထောက်ပံ့ကူညီရေးဆိုင်ရာ လူမှုရေးအသင်းအဖွဲ့တစ်ခုခုသည် တည်ဆဲအသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေအရ သက်ဆိုင်ရာ မှတ်ပုံတင်ရေးအဖွဲ့က ထုတ်ပေးသော မှတ်ပုံတင်လက်မှတ်ရရှိလျှင် ယင်းမှတ်ပုံတင်လက်မှတ်မိတ္တူပူးတွဲ၍ အသိအမှတ်ပြုလက်မှတ်ထုတ်ပေးရန် လူမှုဝန်ထမ်းဦးစီးဌာနသို့ လျှောက်ထားနိုင်သည်။

ဒီပြင်ဆင်ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၄၅ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၄၅ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဆက်လက် ပြီးတော့ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ဖြစ်တဲ့ အပိုဒ် ၅၉ ကို တင်ပြပါမယ်။

၅၉။ မည်သူမဆို တည်ထောင်ခွင့်ပြုမိန့်မရှိဘဲ စီးပွားရေးအလို့ငှာ ဘိုးဘွားရိပ်သာကိုဖြစ်စေ၊ သက်ကြီးရွယ်အို ကြည့်ရှုစောင့်ရှောက်ရေးလုပ်ငန်းတစ်ခုခုကိုဖြစ်စေ တည်ထောင်ဖွင့်လှစ်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်ဆယ်သိန်းအထိ ငွေဒဏ်ချမှတ်ရမည်။

ဒီပြင်ဆင်ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၅၉ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၅၉ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ဖြည့်စွက်ချက်များဖြစ်တဲ့ အပိုဒ် ၆၂၊ အပိုဒ် ၆၇(က)(ခ)(ဂ)တို့ကို ဆက်လက်တင်ပြပါမယ်။

၆၂။ သက်ကြီးရွယ်အိုအား မတရားပြုကျင့်ခြင်းနှင့် စပ်လျဉ်း၍ မတရားပြုခံရသူ ကိုယ်တိုင်ဖြစ်စေ၊ မြင်တွေ့သူ မည်သူတစ်ဦးတစ်ယောက်ကဖြစ်စေ၊ သက်ဆိုင်ရာ ရဲစခန်းသို့ နှုတ်ဖြင့်သော်လည်းကောင်း၊ စာဖြင့်သော်လည်းကောင်း၊ ဖုန်းဖြင့်သော်လည်းကောင်း၊ လူကိုယ်တိုင်သော်လည်းကောင်း အမှုဖွင့် တိုင်ကြားနိုင်သည်။

၆၇။ (က) ဝန်ကြီးဌာနသည် နည်းဥပဒေများနှင့် စည်းမျဉ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီနှင့် ဝန်ကြီးဌာနတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) လူမှုဝန်ထမ်းဦးစီးဌာနသည် အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

ဒီပြင်ဆင်ဖြည့်စွက်ချက်များကို လွှတ်တော်က အတည်ပြုဆောင်ရွက်ပေးနိုင်ပါရန် တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၆၂၊ အပိုဒ် ၆၇ (က)(ခ)(ဂ) ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၆၂၊ အပိုဒ် ၆၇(က)(ခ)(ဂ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဆက်လက်ပြီးတော့ မူလအဆိုပြု ပြဋ္ဌာန်းချက်မှာ ပါရှိတဲ့ အခန်း(၁၆)၊ အပိုဒ် ၆၀ ဟာ မလိုအပ်ပါဘူး။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီက ဒီအပိုဒ် ၆၀ ကို ပယ်ဖျက်ထားပါတယ်။

ဥပဒေကြမ်းကော်မတီရဲ့ ပယ်ဖျက်ချက်ကို လွှတ်တော်က အတည်ပြု ဆောင်ရွက်ပေးနိုင်ပါရန် တင်ပြအပ်ပါ တယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပယ်ဖျက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပယ်ဖျက်ချက် အတည် ဖြစ်သည်။ (ဩဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တင်ပြသွားတဲ့ ပြင်ဆင်ချက်၊ ဖြည့်စွက်ချက်၊ ပယ်ဖျက်ချက်များကို အတည်ပြုပြီးတဲ့နောက်မှာ ဥပဒေကြမ်းရဲ့ အဆိုပြု ပြဋ္ဌာန်းချက်အချို့ကိုတော့ မူလအဆိုပြု ပြဋ္ဌာန်းချက်အတိုင်းပဲ ဆက်လက်အတည်ပြုနိုင်ပါရန် ဥပဒေကြမ်းကော်မတီက တင်ပြသွားမှာ ဖြစ်ပါတယ်။

မူလအတိုင်း ဆက်လက်အတည်ပြုရမယ့် အပိုဒ်၊ အပိုဒ်ခွဲတွေကတော့ -

ဥပဒေကြမ်းရဲ့ ခေါင်းစဉ်

အခန်း(၁)၊ အပိုဒ် ၁၊ အပိုဒ် ၂ ခြေဆင်း၊ အပိုဒ် ၂၊ အပိုဒ်ခွဲ (ခ)(ဃ)(င)(စ)(ဆ)(ဇ)(ဈ) (ည)(ဍ)(ဎ)(ဏ)(တ) (ဓ)(န)(ပ)(ဖ)(ဗ)၊

အခန်း(၂)၊ အပိုဒ် ၃ ခြေဆင်း၊ အပိုဒ် ၃၊ အပိုဒ်ခွဲ(ခ)(ဂ)(င)(စ)(ဆ)(ဇ)(ဈ)(ည)၊

အခန်း(၃)၊ အပိုဒ် ၄ ခြေဆင်း၊ အပိုဒ် ၄၊ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၁)၊ အပိုဒ်ခွဲငယ်(၁၃)မှ အပိုဒ်ခွဲငယ်(၁၈)အထိ၊ အပိုဒ် ၄ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၅ ခြေဆင်း၊ အပိုဒ် ၅ အပိုဒ်ခွဲ(က)(ခ)(ဂ)(ဃ)(ဆ)(ဇ)(ဈ)(ည)(ဋ)(ဌ)(ဍ)(ဏ)၊

အခန်း(၅)၊ အပိုဒ် ၁၆ ခြေဆင်း၊ အပိုဒ် ၁၆ အပိုဒ်ခွဲ (က)(ဂ)(ဃ)(င)(စ)(ဆ)(ဇ)(ဈ)(ည)(ဌ)(ဍ)(ဎ)၊

အခန်း(၇)၊ အပိုဒ် ၂၂ အပိုဒ်ခွဲ(က)(ခ)(ဂ)(ဃ)(စ)(ဆ)(ဇ)၊ အပိုဒ် ၂၃ ခြေဆင်း၊ အပိုဒ် ၂၃ အပိုဒ်ခွဲ (က)(ခ)(စ)(ဆ)၊

အခန်း(၉)၊ အပိုဒ် ၂၇ အပိုဒ်ခွဲ (ဂ)၊

အခန်း(၁၂)၊ အပိုဒ် ၃၆ ခြေဆင်း၊ အပိုဒ် ၃၆ အပိုဒ်ခွဲ (က)၊ အပိုဒ် ၃၇ ခြေဆင်း၊ အပိုဒ် ၃၇ အပိုဒ်ခွဲ(ခ) နှင့် ပြောင်းလဲအမှတ်စဉ်ထားတဲ့ အခန်း(၁၆)၊ အပိုဒ် ၆၀၊

အခန်း(၁၇)၊ အပိုဒ် ၆၁၊ အပိုဒ် ၆၇ ခြေဆင်းတို့ကို အဆိုပြုပြင်ဆွာန်းချက်အတိုင်း လွှတ်တော်က ဆက်လက်အတည်ပြုဆောင်ရွက်နိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။ (သြဘာသံများ)

ယခုအဆိုမှာ ဤဥပဒေကြမ်း အပိုဒ် ၁ မှ ၆၇ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် အပိုဒ် ၁ မှ ၆၇ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။(သြဘာသံများ)

ယခုအဆိုမှာ ဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။(သြဘာသံများ)

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၁း၅၂။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၁၊ နည်းဥပဒေခွဲ(ခ)အရ သက်ကြီးရွယ်အို များဆိုင်ရာ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က အတည်ပြုပေးဖို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေး နှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက အဆို တင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၅၂။**

**ဒေါက်တာဝင်းမြတ်အေး (ပြည်ထောင်စုဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်များခင်ဗျား။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေး နှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေကြမ်းအား တင်သွင်း ဆောင်ရွက်ခဲ့ခြင်းကို သက်ဆိုင်ရာ ပညာရှင်များ၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီမှ တာဝန် ရှိသူများနှင့် ညှိနှိုင်းပြင်ဆင်ရေးဆွဲထားပြီး အမျိုးသားလွှတ်တော်က တစ်ပိုဒ်ချင်းအလိုက် အတည်ပြုရန် အဆုံးအဖြတ်ရယူပြီးဖြစ်တဲ့အတွက် သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေကြမ်းအား အမျိုးသား လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ကျွန်တော် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၅၃။**

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း၅၃။**

**ဒေါက်တာပြည့်ဖြိုး၊ ဧရာဝတီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၇)**။ ။ လေးစားအပ် ပါတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီးက သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်ကြီးက အတည်ပြုပေးရန် အဆိုတင်သွင်းခြင်းအား ဧရာဝတီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဖြစ်သူကျွန်တော် ဒေါက်တာပြည့်ဖြိုး မှ ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၅၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အဆိုမှာ သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေကြမ်းကို ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် ဖြစ်ပါတယ်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေကြမ်းသည် ပြင်ဆင်ထားသည့်အတိုင်း အတည်ဖြစ်သည်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၂၃)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၅၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၀) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး (၂၃)ရက်မြောက်နေ့ကို ၂၀၁၆ ခုနှစ်၊ သြဂုတ်လ ၃၀ ရက် (အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာ ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ကို ၁၁း၅၅ နာရီအချိန်တွင် ရပ်နားပါသည်။]